မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၂၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သိန်းနီမြို့နယ်၏ ၂၀၀၆-၂၀၀၇ အထူးအထွက်တိုး နွေစပါးစိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒြဗ်စည်းရိုးကြက်ဆူစိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ချမှတ်ထား သတ်မှတ်ပေးထားသည့်အတိုင်း လျာထားချက်ပြည့်မီကျော်လွန်ရေး ကြိုးပမ်းစိုက်ပျိုး အသေးစား စက်ယာဉ်ယန္တရားများတွင် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်နေခြင်းဖြစ်

နေပြည်တော် မေ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် လားရှိုးမြို့မှ မေ ၁၇ ရက် နံနက် ၉ နာရီတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီတွင် သိန်းနီမြို့နယ် စံလောင်းကျေးရွာအုပ်စု နားဆော့ကျေးရွာသို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

Date Out သွားပြီဖြစ်သော ၁၉၉၀ ရွေးကောက်ပွဲရလဒ်

ရဲဘော်တင်ရွှေ၏ ဆောင်းပါး(စာ-၄)

တပ်မတော်သည် နယ်ချဲ့နှင့်တကွ ဖက်ဆစ်တို့ကိုပါ ဆန့်ကျင်တိုက်ပွဲဝင်ကာ ဖွဲ့စည်းဖြစ်ပေါ်လာသော အမျိုးသားရေးအင်အားစုဖြစ်သည်နှင့်အညီ ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ ဖိအားပေးမှုကို တုန်လှုပ်ခြင်း ကင်းစွာ အရေးမထားခဲ့။ မိမိလျှောက်လှမ်းရမည့် အမျိုးသားရေး အကျိုးစီးပွားကိုသာ ရှေးရှုလျက် ရပ်တည်ခဲ့လေသည်။

နောက်ဆုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် တစ်မျိုးသားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးခွင့်ရှိသော "အမျိုးသားညီလာခံကြီး" ကို ခေါ်ယူကျင်းပခဲ့လေသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။ Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မေလ ၂၀ ရက်)

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်၏ အခြေခံအကျဆုံး ကျေးလက်ဒေသမှသည် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်သွားရမည် ဖြစ်သည်။

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး ကွက်လပ်မကျန် ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်များတွင် လူမှုရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသား ပြည်သူများကပါ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်း ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားနှင့် ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲ ဖွင့်ပွဲကို မေလ ၁၈ရက်နေ့က သိုက်သိုက်ဝန်းဝန်း ကျင်းပခဲ့သည်။ သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေးချောင်းကူး တံတားသည် အရှည်ပေ၂၅၀၊ အကျယ် ၄ပေရှိ သံလမ်းသံပေါင် ကြိုးဆိုင်းခုံးတံတား အမျိုးအစား ဖြစ်သည်။

ထို့အတူ သစ်ပုတ်ပင် အိတ်ချိန်းဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲတွင် လက်လှည့်အိတ်ချိန်း တယ်လီဖုန်းအလုံး ၅၀နှင့် အော်တိုတယ်လီဖုန်း နှစ်လုံးတို့ကို တပ်ဆင်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

သစ်ပုတ်ပင်ချောင်းကူးတံတား တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသခံပြည်သူတို့ သွားလာမှုလွယ်ကူချောမွေ့လာသည့်အပြင် လူမှုစီးပွားဘဝပါ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နေပြည်တော်ဒေသ ပျဉ်းမနားခရိုင်အတွင်းရှိ ကျေးရွာဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရင်း သစ်ပုတ်ပင်ကျေးရွာ ချောင်းကူးတံတားကြီးနှင့် လက်လှည့်အိတ်ချိန်းရုံးတို့ကို ရေရှည်တည်တံ့စေရန် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်စိန်မှန် ရပ်ကွက် အနောက် မြင်းပြိုင်ကွင်းလမ်းအမှတ်၂၇ နေ ဦးစောသိန်း-ဒေါ်ခင်လှ(မွေးနေ့)၊ သမီး မစောစောဦး၊ အောင်ဗိုလ်ဗိုလ်စိုး၊ ဝင်းပြည့်စိုး၊ မြေးသင်းရည်မွန် နှင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ

ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်

နေပြည်တော် မေ ၁၉

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

မှာကြား

ရှေးဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုကော်မတီများ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပြည်၊ တောင်ကြီးမြို့များမှ ပုဂ္ဂလိကလုပ်ငန်းရှင် များအား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းရန် လိုအပ်ကြောင်း အသေးစိတ် မှာကြားသည်။

ပါဝင်ဆွေးနွေး

ဆက်လက်၍ ကျန်းမာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာတင်မင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား

၂၀-၅-၂၀၀၇ (တနင်္ဂနွေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ ခန္ဓာပဋိစ္စသမုပ္ပါဒ်ရှင်းတရားတော် (အပိုင်း-၁) (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၇:၄၅ Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
- ၈:၃၅ တေးဂီတအစီအစဉ်
- ၈:၄၀ ကလောမှာထင်ရှား ရွှေဥမင်ဘုရား
- ၈:၅၀ နိုင်ငံတကာ အနုပညာရေးရာ
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၃၀ ရိုက်ကွင်းပေါ်မှ အမှတ်တရများ
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅ သီးနှံစိုက်ပျိုးအထွက်တိုး "ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ သုံးစွဲနည်း"
- ၉:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀ နာမကျန်းသူတွေအတွက် မိုခို အားထားရာ မေတ္တာရိပ်၏စေတနာ
- ၁၀:၂၅ တေးဂီတအစီအစဉ်
- ၁၀:၃၀ နယဉ်ဆန်းထွင် ပန်းအလှဆင် (ယပ်တောင်ပုံ ပန်းအိုးထိုးနည်း) (ပန်းအိုးအသေး)
- ၁၁:၀၀ မိုးလေဝသခန့်မှန်းချက်
- ၁၁:၀၅ တေးဂီတအစီအစဉ်
- ၁၁:၁၀ ပြည်တွင်းမှာပင်ထုတ်လုပ်သည့် နိုင်ငံတကာစံချိန်မီ
- ၁၁:၂၀ ဂီတသံစဉ်အလှဆင် (ကော်နီ)
- ၁၁:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၅ သွေးပြန်ကြော အားနည်းရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ပါမောက္ခ ဒေါက်တာခင်မောင်အေး)
- ၁၂:၀၀ တေးဂီတအစီအစဉ်
- ၁၂:၀၅ EURO GOALS
- ၁၂:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၅၀ ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Empoli-Reggina	5-Sports (Live)

ပဋ္ဌာန်းနိဿယ ပူဇော်ပွဲ

ရန်ကုန် မေ ၁၉

ရန်ကုန်ရွှေကြက်ယက် ဆရာတော် အမှူးထား၍ နယုန်လဆန်းပဋ္ဌာန်းကျမ်း ဟူသည်နှင့်အညီ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော အသံမစဲမဟာပဋ္ဌာန်း နိဿယ ရွတ်ဖတ်ပူဇော်ပွဲကို နယုန်လဆန်း ၁၁ရက်မှ ၁၅ရက် (မေ ၂၆ ရက်မှ ၃၀ရက်)အထိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်း ရွှေကြက်ယက်ကျောင်းတိုက် ကြေးသွန်းတန်ဆောင်းကြီး အတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း ဣစ္ဆိတံအိမ်ရာနေ Mr.Sei Ji Surisawa-ဒေါ်သင်းသင်းကြူ၊ (သား) Kenichi Surisawa (ခ) မောင်အဂ္ဂမင်း၏ ငါးနှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ငွေပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၀-၅-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသသတင်း
- ၆:၂၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၂)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၄၄)

✻ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နားဆော့ကျေးရွာ၌ကျင်းပသည့် သိန်းနီတပ်နယ်တပ်ရင်းတပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူဧက၃၀၀ မျိုးစေ့ချပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သိန်းနီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်စိုးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ရှမ်း၊ကချင်၊လားဟူ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ သိန်းနီတပ်နယ်မှ အရာရှိအရာခံ အကြပ်စစ်သည်များနှင့်အိမ်ထောင်စုဝင်မိသားစုများ၊ ရှမ်းရိုးရာအိုးစည်နှင့်အက အဖွဲ့ဝင်များ၊ သိန်းနီမြို့နယ် စံလောင်းနှင့် နမ့်အွန်ကျေးရွာတို့မှ ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦးက သိန်းနီတပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေး လုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်က လျာထားသတ်မှတ်ပေးထားသည့်အတိုင်း ပြည့်မီကျော်လွန်အောင် ကြိုးပမ်းစိုက်ပျိုးရန်နှင့် ဒေသတွင်းရှိ အသေးစားစက်ယာဉ်ယန္တရားများတွင်အသုံးပြုနိုင်ရန်အတွက် ယခုကဲ့သို့ ခြံစည်းရိုးကြက်ဆူကို အစီအမံများချမှတ် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးရာတွင် သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကာ ဒေသခံ တိုင်းရင်းသားပြည်သူများ ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးခြင်းမှ အခြားသီးနှံများ စိုက်ပျိုးသကဲ့သို့ ဝင်ငွေရရှိနိုင်ကြောင်းကို စိုက်ပျိုးနည်းစနစ်များ ဖြန့်ဖြူးပေးဝေ၍ နည်းလမ်းပြစိုက်ပျိုးပြသကာ ပညာပေးစည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စဉ်ဆက်မပြတ်

ထို့ပြင် စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်များကိုလည်း အောင်မြင်ဖြစ်ထွန်းစေရန် စိုက်ပြီးလျှင် ပြီးရောမနေဘဲ မြေဩဇာကျွေးမွေးရေး၊ ပေါင်းသင်ရေး အစရှိသည့် ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ခြံစည်းရိုးကြက်ဆူ တစ်ဧကလျှင် ဇီဝဒီဇယ်လောင်စာဆီဂါလန်၇၀ထွက်ရှိရာမှ ဂါလန်၁၀၀ထွက်ရှိနိုင်အောင် ကြိုးပမ်းကြရန်နှင့် စိုက်ပျိုးပြီး ရှင်သန်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များမှ အသီးသီးမှုနှင့် သတ်မှတ်ဆီထွက်နှုန်းရရှိစေရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ယခုအခါဒေသဝမ်းစာဖူလုံမှု ၁၂၂ ဒသမ၃၈ရာခိုင်နှုန်းရှိနေရာ ပြည်နယ်အတွင်း နောင်တိုးတက်လာမည့် လူဦးရေအချိုးအစားကို တွက်ချက်၍ နှစ်သီးမှသုံးသီး စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြ စေလိုကြောင်း၊ အလားတူ စားသုံးဆီဖူလုံရန်အတွက် ဒေသနှင့် ကိုက်ညီသည့် ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသော တပ်နယ်မိသားစုများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် သိန်းနီမြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူမျိုးစေ့များနှင့် ပျိုးကိုင်းများကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်တို့သည် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် သိန်းနီမြို့တပ်နယ်၏ ဧက၃၀၀ ခြံစည်းရိုးကြက်ဆူပျိုးခြံအတွင်း ကြက်ဆူပင်ကို စိုက်ပျိုးပေးကာ မြေဩဇာများ ထည့်သွင်းပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်အဖွဲ့ဝင်များသည် ဧက ၃၀၀ ခြံစည်းရိုးကြက်ဆူပျိုးခြံအတွင်း ဧက ၃၃၅ဧက စိုက်ပျိုးနိုင်မည့် နှစ်လသားအရွယ် ခြံစည်းရိုးကြက်ဆူ ပျိုးပင် ၄၀၂၀၀၀ ပျိုးထောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သိန်းနီတပ်နယ်အနေဖြင့် ခြံစည်းရိုး ကြက်ဆူပင် ၂၃၇၇ဒသမ၂ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ အခုအခါ ၇၃၄ဒသမ၈ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး၊ ၇၅၅ဧကအတွက် မျိုးစေ့နှင့် ပျိုးပင်များပြုစုပျိုးထောင်ထားရှိလျက်ရှိသည်။ ကျန်၈၈၇ဒသမ၄ဧကအတွက် ၂၀၀၇ခုနှစ် မေလကုန်၌ မျိုးများ စုဆောင်းသွားမည်ဖြစ်ပြီး ၂၀၀၇ခုနှစ် ဇွန်လတွင် သတ်မှတ်ဧကရရှိရေးအတွက် စီမံချက်ချမှတ်စိုက်ပျိုးသွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သိန်းနီ-ကွမ်းလုံ ကားလမ်းအတိုင်းလမ်း၊ တံတားများ အခြေအနေနှင့် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ သိန်းနီမြို့နယ် မြို့မရပ်ကွက်ရှိ သိန်းနီမြို့နယ်၏ နွေစပါးတစ်ဧကတင်း ၂၅၀ စံပြကွက်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စံပြကွက်အတွင်း ဒေသခံတိုင်းရင်းသားတောင်သူဦးဘဝင်း၏မြေ ၁ဒသမ ၅၂ဧက၌ DU-527 စပါးမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်စိုးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြုစုထား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နွေစပါးစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ စိုက်ပျိုးရေးသွင်းအားစုများ၏ ကုန်ကျစရိတ်နှင့် ထွက်ရှိလာမည့် စပါးတင်းအရေအတွက် ရရှိမည့်ဈေးနှုန်းများကို စနစ်တကျမှတ်တမ်းများထားရှိရေးနှင့် အထွက်ကောင်းမျိုးများကို သုတေသနပြုစုထားရှိကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သိန်းနီမြို့နယ်၏ ၂၀၀၆-၂၀၀၇ အထူးအထွက်တိုးနွေစပါးဧက ၅၀ စိုက်ခင်းသို့ သွားရောက်ကြပြီး နွေစပါးများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

သိန်းနီမြို့နယ်တွင် ၂၀၀၆-၂၀၀၇ နွေစပါး စိုက်ပျိုးရေးရာသီ၌ ဆည်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ်နှင့် သဘာဝစီးဝင်ရေတို့ကို အသုံးပြု၍ ဆင်းရွှေလီ (F1)ဆင်းရွှေလီ(R)၊ ဆင်းရွှေလီ(မွှေး) နှင့် DU -527 မျိုးစပါး စုစုပေါင်းဧက ၅၄၂၀ကို မြို့နယ်အတွင်း အောင်မြင်စွာ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိန်းနီ-လားရှိုး ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ သိန်းနီမြို့နယ် ဝိန်းလျှံကျေးရွာသို့ ရောက်ရှိကြပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအမံဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကျေးလက်ဒေသနေ ဒေသခံတိုင်းရင်းသားများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် တည်ဆောက်ပေးခဲ့သည့် ဂါလန် ၁၆၀၀ ဆံ့ရေကန်နှင့် ရေပေးဝေနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ဂါလန်၁၆၀၀ဆံ့နှင့် ဂါလန် ၁၂၀၀ဆံ့ ရေကန်များကို သိန်းနီမြို့နယ်အတွင်းရှိ ပန်လော့၊ ဝိန်းလန်၊ နားအုံ၊ မန်ချက်၊ ခုတ်နမ့်၊ စယ်အူ၊ ဟိုမိန်းနှင့် ကောင်းဆာကျေးရွာတို့၌လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် တစ်ရပ်အဖြစ် သန့်ရှင်းသော သောက်သုံးရေများ ရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိန်းနီ-ကွမ်းလုံ ကားလမ်းအတိုင်း လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေ၊ ရာသီသီးနှံနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး၍ ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ကွမ်းလုံမြို့သို့ ရောက်ရှိကြသည်။

လုပ်ကိုင်နေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ညနေ ၃ နာရီတွင် ကွမ်းလုံမြို့ သံလွင်ရိပ်သာ၌ ကွမ်းလုံနှင့်လောက်ကိုင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဏာမတိုင်းတာရေးလုပ်ငန်းများ လာရောက်လုပ်ကိုင်နေကြသော အင်ဂျင်နီယာပညာရှင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကွမ်းလုံတပ်နယ်မှဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်က ကွမ်းလုံအထက်ပိုင်း သံလွင်မြစ်ကမ်းနံဘေး ဟိုလီကျေးရွာအနီးရှိ သံလွင်မြစ်ကျဉ်းနေရာ၌ အထက်သံလွင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရန် မြေနေရာရွေးချယ်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က အထက်သံလွင်ရေအားလျှပ်စစ်စီမံကိန်း၏ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မည့်ပုံစံအခြေအနေများနှင့် စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၂၄၀၀ကျော်ထွက်ရှိမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အကြီးအင်ဂျင်နီယာလုပ်ငန်းများနှင့် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ပြီးစီးနိုင်မှုမှာ ငွေအား၊ လူအားအသုံးပြုနိုင်မှုအပေါ်၌မူတည်ပြီး နှစ်နိုင်ငံအတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိသောလုပ်ငန်းဖြစ်၍ အမြန်ဆုံးတည်ဆောက်အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးအတွက် ပဏာမကွင်းဆင်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာ မစ္စတာ ဝမ်ကျုံးရှမ် ခေါင်းဆောင်သော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကွမ်းလုံမြို့ သံလွင်ရိပ်သာ၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၅-၂၀၀၇ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၈း၃၀ ၈။ အရေးပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Say it in English
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ Yan Can Cook
၁၂း၀၀ ၅။ မြန်မာရုပ်ရှင် **မုန်းစကားမဆိုနဲ့ချစ်သဲ** ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ နွဲ့နွဲ့မူ (ဒါရိုက်တာ-ကြီးမြင့်)
၁၃း၅၅ ၆။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှု)
၁၄း၁၀ ၇။ တေးဂီတအစီအစဉ်
၁၄း၂၅ ၈။ ကျေးပင်အက်ရေလှောင်တမံ
၁၄း၃၀ ၉။ **ပြေးပြေးလွှားလွှား သွားသွားလာ** မောင်မောင်မြင့်၊ မအေးမြင့်၊ စိန်ဂွက်ထော်၊ မောင်မောင်မျိုးသန့် (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၄း၃၅ ၁၀။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၄း၄၅ ၁၁။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အထူးပြုအားလုံး) [အင်္ဂလိပ်စာ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅ ၆။ အကပြိုင်ပွဲ
၁၇း၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ သီရိဂေဟာ
၁၈း၄၅ ၁၁။ **ညှော်မယ်ဗျို့** ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၉း၀၀ ၁၂။ **မလွန်လွန်းဘူးလား** အပိုင်း(၂)
၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၂၇)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း-၁၈)
၁၈။ နောက်တစ်နေ့အစီအစဉ်

ရန်ကုန်တောင်ပိုင်းခရိုင် ပတ်ဝန်းကျင်သန့်ရှင်းရေးပညာပေးဟောပြော

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးဟောပြောပွဲကို မေ၁၇ရက် နံနက်၉နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့ ပြည်သူ့ဆေးရုံရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာဒေါ်လေးခိုင်က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက အခြေခံပညာမူလတန်းကျောင်းများအတွက် ယင်လုံအိမ်သာသုံးလုံးနှင့် Bleaching Powder များကို ကျောင်းအုပ်ဆရာမကြီးများကိုလည်းကောင်း၊ ကော့မှူးမြို့နယ်အတွက် အိမ်သာခွက်များကို ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်အားလည်းကောင်း ပေးအပ်လှူဒါန်းပြီး**(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ဒေါ်မာမာဝေနှင့်အဖွဲ့သည် မူလတန်းကျောင်းများသို့ လှူဒါန်းသည့် ယင်လုံအိမ်သာများကို လှည့်လည်ကြည့်ရှုပြီး သက်ကြီးရွယ်အို ဘိုးဘွားများအား ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Date Out သွားပြီဖြစ်သော ၁၉၉၀ ရွေးကောက်ပွဲရလဒ်

သိကြပြီးဖြစ်သည့်အတိုင်း ၁၉၉၀ ပြည့်နှစ်က အထွေထွေရွေးကောက်ပွဲကြီး ကျင်းပခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အများစုအနိုင်ရခဲ့သည်။ မဲဆန္ဒနယ်ပေါင်း ၃၀၀ ကျော်တွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ မဲဆန္ဒနယ် ၃၀၀ ကျော် အနိုင်ရခြင်းကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယင်းတို့အား နိုင်ငံတော်အာဏာ အမြန်ဆုံးလွှဲပြောင်းပေးရန် ဂန္ဓီညီလာခံမှနေ၍ တောင်းဆိုလိုက်လေသည်။

ထိုကာလက လောလောဆယ် ကျင်းပပြီးစီးခဲ့သော ပါတီစုံအထွေထွေ ရွေးကောက်ပွဲအပေါ် အမြင်ခြင်းမတူ ကွဲပြားခဲ့ကြသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ယင်းရွေးကောက်ပွဲသည် "အာဏာလွှဲပြောင်းပေးမည့် ရွေးကောက်ပွဲ"ဟု ခံယူသည်။

ကျွန်တော်သည် ထိုစဉ်က ပြည်သူ့ဒီမိုကရေစီပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သည်။ ကျွန်တော်တို့က ယခုကျင်းပမည့်ရွေးကောက်ပွဲအပေါ် သုံးသပ်ရာ၌ "အာဏာပြဿနာ"ဟု ရှုမြင်ခြင်းမရှိ၊ "ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရမည့်အဆင့်သာရှိသည့် တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ယူမည့် ရွေးကောက်ပွဲ"ဟု သတ်မှတ်သည်။

ထိုအမြင်အတိုင်းပင် မဟာမိတ်ပါတီများသို့ တင်ပြခြင်း၊ မြန်မာ့ရုပ်မြင်သံကြားမှ ပြည်သူတို့ထံ တင်ပြခြင်း၊ ကျွန်တော်တို့ ပြည်သူ့ဒီမိုကရေစီပါတီမှ ဌာနချုပ်ခေါင်းဆောင်များသည် မိမိတို့စည်းရုံးရေးရှိရာမြို့နယ်၊ ကျေးရွာအသီးသီးသို့ သွားရောက်ကာ ပြည်သူများအား ပါတီ၏ ရွေးကောက်ပွဲအပေါ် သဘောထားကို ပွင့်လင်းစွာ ဆွေးနွေးဟောပြောတင်ပြခြင်းများ ပြုခဲ့ပါသည်။

ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရမှ ပြည်သူသို့ချပြခဲ့သော ရွေးကောက်ပွဲဥပဒေမူကြမ်းတွင် အာဏာနှင့် ပတ်သက်သော ဥပဒေပြုခွင့်အာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာတို့ ပိုင်စိုးသောလွှတ်တော်ဟူ၍ လုံးဝပင် ဖော်ပြထားခြင်း မရှိခဲ့ပါချေ။

ထိုခေတ် ရှေ့ဆောင်ပါတီ အသီးသီးက အာဏာနှင့်ပတ်သက်၍ လိုအပ်နေသောအချက်ကို ဖြည့်စွက်ပေးပါရန် ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကော်မရှင်သို့ ဝိုင်းဝန်းအကြံပြု တင်ပြခဲ့ကြစေကာမူ ဥပဒေအတည်ပြုပြီး အချောထုတ်ပြန်သောအခါ၌လည်း လုံးဝ မပါရှိခဲ့ပေ။

ထို့အတူ လွှတ်တော်ခေါ်ယူကျင်းပမည့် အချိန်ဇယားကိုလည်း တိတိကျကျ သတ်မှတ်ဖော်ပြခြင်း မရှိခဲ့ပါ။ (ဤအချက်ကိုမူ တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားမှုအခြေအနေအရဟု နားလည်သဘောပေါက်ကြပါသည်။)

ဤသို့ဆိုလျှင် ဤရွေးကောက်ပွဲဥပဒေအရ ကျင်းပသည့် အထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ရည်ရွယ်ထားကြောင်း ပေါ်လွင်ထင်ရှားပါ၏။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဤသို့မမြင် အာဏာလွှဲအပ်ရန်သာ အသံကျယ်လောင်စွာဖြင့် တောင်းဆိုခဲ့လေသည်။

ဤတွင် အခြေအနေမှာ ခုတ်ရာတခြား ရှရာတခြား ဖြစ်ကာ အာဏာလွှဲပြောင်းမှုလည်း ဖြစ်မလာ လွှတ်တော်ကိုလည်းခေါ်ယူကျင်းပခြင်းမပြုခဲ့ ။ အရွေးချယ်ခံရသော ကိုယ်စားလှယ်များပင် ကျမ်းသစ္စာကျိန်ဆိုကာ တရားဝင်လွှတ်တော်ကိုယ်စားလှယ် ဖြစ်မလာခဲ့။

မူလကမှ ရွေးကောက်ပွဲဥပဒေတွင် မပါရှိသော အာဏာလွှဲပြောင်းရေးကိစ္စ မဖြစ်နိုင်သည့်အခြေအနေတွင် မြွေပူရာကင်းမှောက်ဆိုသလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးပရိယာယ် မကြွယ်ဝမှုက အာဏာနှင့် ဝေးသည်ထက်ဝေးအောင် တွန်းပို့လိုက်ပြန်လေသည်။

ထိုသည်မှာ အခြားမဟုတ်၊ မဲပေးနိုင်သူ မဲဆန္ဒရှင်များ၏ ဆန္ဒမဲရရှိထားသည့် အခြေအနေပေါ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များ မာန်တက်ပြီး မပြောသင့်မပြောထိုက်သည့် တရားလက်လွတ်စကားများ ပြောကြားလာခြင်းသည်လည်း အပါအဝင် ဖြစ်လေသည်။

ထိုအတောအတွင်း ခေတ်သစ်ကိုလိုနီ နယ်ချဲ့အမေရိကန်နှင့် အပေါင်းပါနိုင်ငံများက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ရဲဘော် တင်ရွှေ

အစိုးရအပေါ် အာဏာလွှဲပြောင်းရေးကို နည်းမျိုးစုံသုံး၍ ဖိအားပေးလာသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် တပ်မတော်ကို အခြေခံကာ ဖွဲ့စည်းထားသော အစိုးရဖြစ်သည်။ **တပ်မတော်သည် နယ်ချဲ့နှင့် တကွ ဖက်ဆစ်တို့ကိုပါ ဆန့်ကျင်တိုက်ပွဲဝင်ကာ ဖွဲ့စည်းဖြစ်ပေါ်လာသော အမျိုးသားရေးအင်အားစု ဖြစ်သည်နှင့်အညီ ကိုလိုနီနယ်ချဲ့ လက်သစ်တို့၏ ဖိအားပေးမှုကို တုန်လှုပ်ခြင်းကင်းစွာ အရေးမထားခဲ့။ မိမိလျှောက်လှမ်းရမည့် အမျိုးသားရေး အကျိုးစီးပွားကိုသာ ရှေးရှုလျက် ရပ်တည်ခဲ့လေသည်။**

နောက်ဆုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်အတွက် တစ်မျိုးသားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးခွင့်ရှိသော "အမျိုးသားညီလာခံကြီး"ကို ခေါ်ယူကျင်းပခဲ့လေသည်။

ညီလာခံကိုယ်စားလှယ်များအဖြစ် အရွေးချယ်ခံရသောပါတီများမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားတက်ရောက်စေခဲ့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များကိုပါ တက်ရောက်စေခဲ့၏။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလည်း လက်ခံတက်ရောက်ခဲ့သည်။

ထိုသို့ တိုးတက်ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေအပေါ် ပြည်သူတစ်ရပ်လုံးက **"အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းစ"** ပွင့်လာလေပြီဟု ဝမ်းသာပီတိ ဖြစ်ခဲ့ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း အာဏာလွှဲပေးရေး ပြဿနာ၊ လွှတ်တော်ခေါ်ယူရေးပြဿနာ၊ တွေ့ဆုံဆွေးနွေးရေးပြဿနာတို့ကို မပြောတော့ဘဲ ညီလာခံအတွင်း၌သာ ညှိနှိုင်းဆွေးနွေးခဲ့သည်ကို တွေ့မြင်ကြားသိရလေသည်။

ဤအခြေအနေမှာ အလွန်တရာ ကြည်နူးပီတိဖြစ်ဖွယ်ကောင်းသော နိုင်ငံရေး အခြေအနေဖြစ်သည်။

သို့သော် ဒေါ်စုကြည်အား တားဆီးထားခြင်းမှ ရုပ်သိမ်းပေးပြီးသောအခါ၌ကား အခြေအနေသည် ပြောင်းလဲသွားလေတော့သည်။ သာယာနေခဲ့သော နိုင်ငံရေးရာသီဥတုမှာ မိုးမှောင်ကျမုန်တိုင်းထန်သည့်အဖြစ်သို့ ဆိုးဆိုးရွားရွား ရောက်ရှိသွားလေတော့၏ ။

နယ်ချဲ့လက်သစ်၏ ရုပ်သေးရုပ်တစ်ရုပ်သာဖြစ်သော ဒေါ်စုကြည်အား အမေရိကန်နှင့် အပေါင်းပါတို့ ကြိုးဆွဲလိုက်သည့် ကကွက်ကတော့ မင်းသမီးအက မဟုတ် ဘီလူးကသာလျှင် ဖြစ်လေသည်။

အလုံးစုံပျက်သုဉ်းရေးလမ်းကို ရွေးမလား၊ တွေ့ဆုံဆွေးနွေးရေးလမ်းကို လိုက်မလားဟု ရာဇသံပေးလာသည်။

ညီလာခံတက်ရောက်နေကြသော NLD ကိုယ်စားလှယ်များကလည်း အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာသွားကြသည်။ ဤသို့အားဖြင့် ညီလာခံကြီးကို ရပ်နားထားရသည့် အခြေအနေ ဆိုက်ရောက်ခဲ့ရ၏ ။

၁၉၉၀ ပြည့်နှစ်က ကျင်းပခဲ့သော ရွေးကောက်ပွဲ ရလဒ်ဆိုသည်မှာ တစ်ဆယ့် ခုနစ်နှစ်ပင် ကြာမြင့်ခဲ့ပြီဖြစ်၍ ယခုခေတ် အသုံးများသော စကားလုံးနှင့် ပြောရမည် ဆိုပါလျှင် Date Out နေပြီ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဓာတ်ပြားဟောင်းကြီးကို မဖောနိုင်မပန်းနိုင် ပြန်ဖွင့်လာသည်။

ရွေးကောက်ပွဲရလဒ်အရ အာဏာအပ်နှင်းပါဟူ၍ အော်လာပြန်သည်။ ထိုမျှမက လွှတ်တော်ကိုယ်စားပြု ကော်မတီဆိုကာ ဖွဲ့စည်းလှုပ်ရှားလာသည်။

ဒေါ်စုကြည်ကလည်း ထိပ်တိုက်ရင်ဆိုင်ရေး လှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံ နေရာအနှံ့အပြားသွားကာ ထင်တိုင်းကြဲလာသည်။ ဤတွင် ဒီပဲယင်း ပြဿနာပေါ်ကာ ဒေါ်စုကြည်အား ပြန်လည်တားမြစ် ကန့်သတ်လိုက်ရလေသည်။

ဒေါ်စုကြည်၏ ပရမ်းပတာနိုင်မှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စိတ်ဝမ်းများ ကွဲပြားလာကြသည်။ အဖွဲ့ချုပ် ထိပ်ပိုင်းခေါင်းဆောင်တစ်စုနှင့် ပါတီနောက်လိုက်များ မကျေမလည် ဖြစ်လာကြသည်။

လွှတ်တော်ကိုယ်စားလှယ်ဆိုသူတွေ ဟောတစ်ယောက်၊ ဟောတစ်ယောက် နုတ်ထွက်ခဲ့ကြသည်။ အထွေထွေရွေးကောက်ပွဲ ကော်မရှင်သို့ ယင်းတို့၏ဆန္ဒအလျောက် တရားဝင်စာတင်ကာ နုတ်ထွက်ကုန်ကြသည်။

ပြည်ပြေးလုပ်သွားကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အရွေးချယ်ခံ ပုဂ္ဂိုလ်များ၏ အရေအတွက်ကလည်း မနည်းလှ။ နောက်ပြီး သေဆုံးကုန်သော ပုဂ္ဂိုလ်များကလည်း ရှိသေးရာ မူလရရှိထားသည့် အရေအတွက်ထက် ထက်ဝက်မျှမက လျော့နည်းသွားပြီ ဖြစ်လေသည်။

ရွေးကောက်ပွဲတစ်ပွဲ ကျင်းပပြီး ထိုရွေးကောက်ပွဲ၏ ရလဒ်အရ အကောင်အထည်ဖော်ရေးကိစ္စမှာ သက်တမ်းအားဖြင့် လေးနှစ်၊ သို့မဟုတ် ငါးနှစ်ထက် မပိုပါ။ ယခု ၁၉၉၀ရွေးကောက်ပွဲ၏ ရလဒ်ဆိုသည်မှာလည်း လေးနှစ်၊ ငါးနှစ်ကျော်ခဲ့စဉ်ကပင် ပျက်ပြယ်ခဲ့ပြီး ဖြစ်၏ ။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်သာဖြစ်ရာ ယခုအခါ တာဝန်ရှိသူတို့က **"အမျိုးသားညီလာခံကြီး"** ကျင်းပ၍ အခြေခံရမည့်မူများ ညှိနှိုင်းချမှတ်ခဲ့ရာ ပြီးစီးသလောက် ဖြစ်နေပေပြီ။ ထိုညီလာခံ၌လည်း အရွေးချယ်ခံ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်လျက် ရှိကြသည်။

ထို့ကြောင့် ၁၉၉၀ ပြည့်နှစ်က ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်ဆိုသည်မှာ တစ်ဆယ့်ခုနစ်နှစ်ပင် ကြာမြင့်ခဲ့ပြီဖြစ်၍ ယခုခေတ် အသုံးများသော စကားလုံးနှင့် ပြောရမည်ဆိုပါလျှင် Date Out နေလေပြီ။ ။

မူလကမှ ရွေးကောက်ပွဲဥပဒေတွင် မပါရှိသော အာဏာလွှဲပြောင်းရေးကိစ္စ မဖြစ်နိုင်သည့် အခြေအနေတွင် မြွေပူရာကင်းမှောက်ဆိုသလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေး ပရိယာယ် မကြွယ်ဝမှုက အာဏာနှင့် ဝေးသည်ထက်ဝေးအောင် တွန်းပို့။

မဲပေးနိုင်သူ မဲဆန္ဒရှင်များ၏ ဆန္ဒမဲရရှိထားသည့် အခြေအနေပေါ်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များ မာန်တက်ပြီး မပြောသင့်မပြောထိုက်သည့် တရားလက်လွတ် စကားများ ပြောကြားလာခြင်းသည်လည်း အပါအဝင်။

နယ်ချဲ့လက်သစ်၏ ရုပ်သေးရုပ်တစ်ရုပ်သာဖြစ်သော ဒေါ်စုကြည်အား အမေရိကန်နှင့် အပေါင်းပါတို့ ကြိုးဆွဲလိုက်သည့် ကကွက်ကတော့ မင်းသမီးအက မဟုတ် ဘီလူးကသာလျှင်ဖြစ်။

အလုံးစုံပျက်သုဉ်းရေးလမ်းကို ရွေးမလား၊ တွေ့ဆုံဆွေးနွေးရေးလမ်းကို လိုက်မလားဟု ရာဇသံပေးလာ။

20-5 (04) 1 5/19/07, 1:00 PM

ရန်ကုန်တောင်ပိုင်းခရိုင် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး သန်လျင်မြို့နယ်တွင် ဖြိုးစေတနာအခမဲ့ဆေးကုခန်းဖွင့်

ရန်ကုန် မေ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကွင်းဆင်းဆောင်ရွက်ပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာ အခမဲ့ဆေးကုခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆေးကုခန်းကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် နံနက် ၁၀ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၂)ရပ်ကွက် မင်းလမ်းရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ခရမ်းမြို့နယ်ရှိတမံကြီးကျေးရွာနှင့် ကျုံတူးကျေးရွာတို့မှ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မြို့နယ်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် အချင်းလေးလက်မရှိ စက်ရေတွင်းတူးဖော်ရန် ခရမ်းမြို့နယ်အမှတ်(၄)ရပ်ကွက် စနေလမ်းနေဦးကျင်ထွန်း– ဒေါ်ဝင်းမိသားစုက ငွေကျပ်သိန်း ၅၀၊ ဖြိုးမေတ္တာကျန်းမာရေးစောင့်ရှောက်မှု အသင်းအတွက် တမံကြီးကျေးရွာမှ အလှူရှင်များက ငွေကျပ်သုံးသိန်း၊ ကျုံတူးကျေးရွာမှ အလှူရှင်များက ငွေကျပ် ၂၃၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့မမြောက်ရပ်ကွက် ဈေးချိုလမ်းရှိ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာအခမဲ့ ဆေးကုခန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က ဖြိုးစေတနာ အခမဲ့ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် ဆေးခန်းပြင်ဆင် ဖွဲ့စည်းဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး

ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာအခမဲ့ဆေးကုခန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားသည်။

အလှူငွေပေးအပ်

ထို့နောက် အလှူရှင်၊ စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်း ကြီးကြပ်မှုကော်မတီတို့က ငွေကျပ်ငါးသိန်းစီ၊ အမှတ်(၁) ရေနံချက်စက်ရုံဝန်ထမ်းမိသားစုကငွေကျပ်၂၁၅၅၀၀၊ဦးဌေးမိုး–ဒေါ်လှဲ့လှဲ့စန်းမိသားစု ဆန်စက်လုပ်ငန်းရှင်များအသင်းခွဲ (သန်လျင်)၊ ဦးမောင်စန်း–ဒေါ်သန်းသန်းရွှေ(မြဝတီ)မိသားစု၊ ဦးမောင်မြင့်မိသားစုနှင့် ဦးစိန်လွင်–ဒေါ်ဖြူဖြူခိုင် မိသားစုတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်း ငွေကျပ်၂၄၂၀၅၀၀ကိုပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တိုင်းအသင်းအတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ဆက်လက်၍ သန်လျင်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင်၃၀၀ ကို ပုဂံတောင်ကျေးရွာ စည်းရုံးရေးမှူး ဦးအောင်ငွေက တိုင်းအသင်းအတွင်းရေးမှူးဦးအေးမြင့်ထံ ပေးအပ်သည်။ **(သတင်းစဉ်)**

မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမိသားစု စုပေါင်းရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

နေပြည်တော် မေ ၁၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီးဒေါ်ခင်ပြုံးဝင်းတို့သည် မေ ၁၂ရက် နံနက်၉နာရီခွဲက မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီရုံးဝင်းအတွင်း၌ ကျင်းပသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမိသားစုများ၏ ဒုတိယအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် အလှူမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ဆရာတော်၊ သံဃာတော်များအား သိမ်ဆင်း၌ လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

အစီအစဉ်အရ မြို့တော်ခန်းမအတွင်း အလှူတော်မင်္ဂလာရေစက်ချ အခမ်းအနားဆက်လက်ကျင်းပရာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ အင်္ဂိယထံမှ တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်နှင့်ဇနီး၊ ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များနှင့်သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်များသည် မြတောင်တိုက်၊ ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသ ဆရာတော်ကြီးထံမှ ရေစက်ချ အနုမောဒနာတရားများ နာယူကြသည်။

ယနေ့ကျင်းပသည့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဒုတိယအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာတွင် ဒုလ္လဘရဟန်း ၁၀၉ပါး၊ ရှင်သာမဏေ ၃၉ပါးနှင့် သီလရှင် ၅၆ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းနိုင်ခဲ့ပြီး လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ်သိန်း၈၀ကျော်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးကောင်းမြို့ သာယာလှပရေးဆောင်ရွက်

ကချင်ပြည်နယ်မိုးကောင်းမြို့သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ရေး အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်း ဦးဆောင်သော ဝန်ထမ်းများ မေ ၉ ရက်က မြို့နယ် ပြည်သူ့ဆေးရုံ အဝင်လမ်း လမ်းဘေး ဝဲယာတစ်လျှောက်၌ ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်သရိုက်သိမ်းဆည်းခြင်း လုပ်ငန်းဆောင်ရွက်မှုကိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန် ကွင်းဆင်းကြည့်ရှုအားပေးကြောင်း သိရသည်။ (၄၁၆)

ကျေးလက်စံပြကျေးရွာဖြစ်မြောက်ရေး ကွင်းဆင်းဆောင်ရွက်

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်ဆောင်ရွက်မှုဖြင့် စံပြကျေးရွာဖြစ်မြောက်ရေး ကွင်းဆင်းဆောင်ရွက်မှုကို မေ ၉၊ ၁၀ ရက်က ကောလင်းမြို့နယ် ကုက္ကိုကုန်းကျေးရွာအုပ်စု ကုက္ကိုကုန်းကျေးရွာတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ အတွင်းရေးမှူး ဦးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ကျေးလက်စံပြအင်္ဂါရပ်နှင့်အညီဖြစ်ရေး၊ စံပြဈေး၊ စံပြကျေးလက်ဆေးပေးခန်းနှင့် ပညာရေး အဆောက်အအုံများဖြစ်ရေး၊ ကျေးလက်ရေ အပြည့်အဝရရှိရေးတို့ကို ဆောင်ရွက်ပေးကြသည်။ (၀၂၆)

စုပေါင်းရှင်ပြုပွဲ ကျင်းပရေး ဝိုင်းမော်၌ အကြံပြုစည်းဝေး

ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် စုပေါင်းရှင်ပြုပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မေ ၈ရက် နံနက် ၁၀နာရီက ဆမားခန်းမတွင်ကျင်းပရာ ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အိအိရွှေနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများတက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အိအိရွှေနှင့် တာဝန်ရှိသူများက စုပေါင်းရှင်ပြုပွဲ ကျင်းပရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက စုပေါင်းရှင်ပြုပွဲ အောင်မြင်စွာ ကျင်းပရေး အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မြင်းမူ၌ ကျင်းပ

မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနကကြီးမှူး၍ (၆၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၇နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးဌာနဝင်းအတွင်း၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းအား အလေးပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မေ ၁၀ရက်က ဧရာဝတီတိုင်း ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် တလုတ္တောက်ကျေးရွာအုပ်စု၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဟင်္သာတခရိုင် ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၈ခုကို ပြည်သူများထံ တစ်ဦးချင်းပေးအပ်စဉ်။ (က–ပ)

အကြို အခြေခံ မီးသတ် သင်တန်းဆင်း

ကနီမြို့နယ် အရန်မီးသတ်တပ်ရင်းကကြီးမှူး၍ နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အကြိုအခြေခံမီးသတ်သင်တန်း (၂/၂၀၀၇) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီက ကနီမြို့နယ် ယင်းယိမ်ကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကပ်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဒုတိယရဲမှူး စိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစန်းလွင်ဦးက နိုင်ငံတော်အစိုးရ၏မူဝါဒများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော သင်တန်းသားများအား တပ်ရင်းမှူး ဒုတိယရဲမှူးစိုးအောင်က ဆုများပေးအပ်ခဲ့ပြီး ဒုတိယတပ်ရင်းမှူး ရန်နိုင်ဝင်းက သင်တန်းသားတစ်ဦးချင်းစီအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

အခြေခံသစ်တောပညာ သင်တန်းကျောင်း အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပ

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်း ၂၀၀၇/၂၀၀၈ခုနှစ် အခြေခံ သစ်တောပညာသင်တန်းကျောင်းဝင်ခွင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို မေ ၇ရက် နံနက် ၉နာရီက ကျွန်းရတနာခန်းမ၌ကျင်းပရာ အရည်အချင်းစစ် ရေးဖြေစာမေးပွဲသို့ သစ်တောကျောင်းအုပ်ကြီး ဦးမောင်မောင်ထွန်းနှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးကြောင်းနှင့် ကျောင်းသားပေါင်း ၂၁၃ဦး ဖြေဆိုကြောင်း သိရသည်။ **(၂၈၀)**

ပရိသတ်များ လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် အားပေးသံလွှမ်းခဲ့သည့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ တာတိုးဝါးကို ဒုတိယအချီတွင် သူရရဲအောင် အနိုင်ထိုးသတ်ခဲ့

သတင်းမြင်ကွင်း–မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း–တင်စိုးနှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၉

ရန်ကုန်မြို့ ကျိုက္ကဆံ မိုးလုံလေလုံ အားကစားရုံကြီးတွင် လက်ဝှေ့ပရိသတ်များ ပြည့်လျှံနေသည်။ မီဒီယာများက ကြိုတင် သတင်းဖော်ပြခဲ့မှုကြောင့် မေ ၁၉ရက်နှင့် ၂၀ရက်များတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ရန်ပုံငွေ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်ကို ပရိသတ်များ သိရှိထားခဲ့ပြီးဖြစ်သည်။

နိုင်းဝမ်းလေး (မြို့တော်စည်ပင်) နှင့် ကြယ်တစ်ပွင့်(မြန်မာပြည်သား)တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ဤသို့ထိုးသတ်ခဲ့ကြသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

စတင်ဖွင့်

မွန်းလွဲ ၂နာရီမှ စတင်ကာ လက်ဝှေ့ပွဲများ ကျင်းပရာ ပထမဦးစွာ သုံးချီကြားပွဲများဖြင့် ပြိုင်ပွဲကို စတင်ဖွင့်သည်။ မဟူရာမိုးနက်(တွံတေး)နှင့် အောင်ဟိန်း (လှိုင်သာယာ)ပွဲတွင် အောင်ဟိန်း(လှိုင်သာယာ)၏ ဘယ်ညာလက်သီးတွဲများကြောင့် ပထမအချီ မှာပင် မဟူရာမိုးနက်(တွံတေး)လဲကျကာ ဆက်မထိုးနိုင်ဘဲ အရှုံးပေးခဲ့ရသည်။

ခြေကန်ချက်

စိုးမင်းသား(တွံတေး)နှင့် နိုင်နိုင်(ရွှေလက်ရာ)တို့ သုံးချီစိန်ခေါ်ပွဲတွင် နိုင်နိုင်(ရွှေလက်ရာ)၏ အားပါသော ခြေကန်ချက်ကြောင့် ပထမအချီ ၁မိနစ် ၅၇စက္ကန့်မှာပင် စိုးမင်းသား (တွံတေး) ဆက်မထိုးတော့သဖြင့် နိုင်နိုင် (ရွှေလက်ရာ) အနိုင်ရရှိသွားသည်။

သတ္တိခဲ(ရန်ကုန်)နှင့် အောင်ကိုမင်း (တွံတေး)တို့ပွဲတွင် အောင်ကိုမင်း(တွံတေး)၏ ဘယ်ဝိုက်လက်သီးကြောင့် သတ္တိခဲ(ရန်ကုန်) အလဲထိုးခံရကာ အောင်ကိုမင်း(တွံတေး) အနိုင်ရရှိခဲ့သည်။

သုံးချီစိန်ခေါ်ပွဲများအပြီး လေးချီစိန်ခေါ်ပွဲများ ဆက်တိုက်ပြုလုပ်ရာ ကိုဦးလေး(မြို့တော်စည်ပင်)နှင့် ကြယ်စင်အောင်(ရွှေလက်ရာ)တို့ စင်မြင့်ပေါ်တက်လာသည်။ ကိုဦးလေး(မြို့တော်စည်ပင်)က အနီထောင့်၊ ကြယ်စင်အောင် (ရွှေလက်ရာ)က အပြာထောင့်။

မနားတမ်းပစ်သွင်း

ပွဲစသည်နှင့် ကိုဦးလေး(မြို့တော်စည်ပင်)က ပြေးဝင်ကာ ဘယ်ညာလက်သီးတွဲများ မနားတမ်းပစ်သွင်းပြီး ဒူးပျံတိုက်ချက်က ကြယ်စင်အောင် (ရွှေလက်ရာ)အား အရှိန်ပြင်းစွာ ထိမှန်ရာ ကြယ်စင်အောင် ကြိုးဝိုင်းအပြင်ဘက်အထိ လွင့်စင်ကျသွားခဲ့သည်။ အနားတောင်းပြီး ဆက်ထိုးရာ ဒုတိယအချီတွင် ကိုဦးလေး (မြို့တော်စည်ပင်)၏ ဘယ်ဖြောင့်လက်သီး အရှိန်ပြင်းစွာ အထိုးခံရမှုကြောင့် ကြယ်စင်အောင် ပြန်မထနိုင်ရာ အလဲထိုးဖြင့် ကိုဦးလေး (မြို့တော်စည်ပင်) အနိုင်ရရှိသွားသည်။

လေးချီစိန်ခေါ်ပွဲ ဒုတိယပွဲစဉ်အဖြစ် ထိုးသတ်သည့် အလင်းသစ် (ရွှေလက်ရာ)နှင့် ရဲမိုက်(မြို့တော်စည်ပင်)တို့ ပွဲကား ပွဲချိန်တိုတောင်းလှသည်။ ပထမအချီ ပွဲအစမှာပင် ရဲမိုက်(မြို့တော်စည်ပင်)၏ခြေကန်ချက် ထိမှန်ကာ အလင်းသစ် (ရွှေလက်ရာ) ပုံကနဲလဲကျကာ မထနိုင်ဘဲဖြစ်ရာ ပထမအချီ ၈ စက္ကန့်မှာပင် ရဲမိုက်(မြို့တော်စည်ပင်) သွေးမပူ၊ ချွေးမထွက်ရဘဲ အနိုင်ရရှိသွားခဲ့သည်။

ပရိသတ်များ မျှော်လင့်နေသည့် ငါးချီစိန်ခေါ်ပွဲများကို ဆက်တိုက်ပြုလုပ်သည်။ ငါးချီစိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် မိုက်တိုင်ဆန်(မြို့တော်စည်ပင်) နှင့် ချန်ဒူးဝမ်(ရွှေလက်ရာ)တို့ပွဲဖြစ်သည်။ မိုက်တိုင်ဆန် (မြို့တော်စည်ပင်) က အနီထောင့်မှ တက်လာသလို ချန်ဒူးဝမ်(ရွှေလက်ရာ)က အပြာထောင့်မှ တက်လာသည်။

မိုက်တိုင်ဆန်က အရပ်အနည်းငယ်နိမ့်ကာ အသားညိုပြီး တောင့်တင်းသည်။ ချန်ဒူးဝမ်က အရပ်မြင့်ပြီး အသားဖြူကာ ကိုယ်လုံးကိုယ်ထည် မတိမ်းမယိမ်း။ ပွဲစသည်နှင့် ချန်ဒူးဝမ်၏ ညာခြေကန်ချက်များက ဝဲပျံနေသည်။ မိုက်တိုင်ဆန်က သတိထားပြီး ကိုယ်ယို့ကာ နောက်ယိုင်ကာဖြင့် ရှောင်တိမ်းသည်။ ရှောင်တိမ်းရင်း ဘယ်ညာဖြောင့်လက်သီးများ ချန်ဒူးဝမ်၏ မျက်နှာနှင့် မေးရိုးများကို ထိထိမိမိ ထိုးသတ်ရာ ချန်ဒူးဝမ် အထိနာသည်။

ဘယ်ဝိုက်လက်သီး

ဒုတိယနှင့် တတိယအချီများတွင် အပြန်အလှန် ဒူးတိုက်၊ ခြေကန်ချက်များ အသုံးပြုနိုင်သော်လည်း မိုက်တိုင်ဆန်၏ ဘယ်ဝိုက်လက်သီးကြောင့် ချန်ဒူးဝမ် ကြိုးဝိုင်းကြမ်းပြင်ပေါ်လဲကျကာ အနားတောင်းရသည်။ ဆက်လက်ထိုးသတ်ရာ ချန်ဒူးဝမ်က အနာခံကာ တရကြမ်းလိုက်ထိုးရာ မိုက်တိုင်ဆန်၏ မျက်နှာတွင်လည်း ဖူးရောင်လာသလို ချန်ဒူးဝမ်၏ မျက်နှာသည်လည်း အညိုအမည်းစွဲလာသည်။ စတုတ္ထအချီတွင် မိုက်တိုင်ဆန်၏ ဘယ်ညာလက်သီးတွဲများ မိုးသီးမိုးပေါက်ပမာ ဆက်တိုက်ထိမှန်ခဲ့သဖြင့် ချန်ဒူးဝမ် လဲကျခဲ့ရာ မိုက်တိုင်ဆန် အလဲထိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အာကာဟိန်း (မြို့တော်စည်ပင်)၏ ဘယ်ညာ လက်သီးတွဲများကို မြနန်းတော် (မြန်မာပြည်သား)က ဤသို့ကာကွယ်ခဲ့သည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ငါးချီစိန်ခေါ်ပွဲ ဒုတိယပွဲစဉ်အဖြစ် မြနန်းတော် (မြန်မာပြည်သား)က အနီထောင့်က တက်လာသလို အာကာဟိန်း(မြို့တော်စည်ပင်) က အပြာထောင့်က တက်လာသည်။ နှစ်ဦးစလုံး အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည် တူကြသည်။

ပွဲစသည်နှင့် အာကာဟိန်းက ခေါင်းမှလွတ်ထွက်လာသော မြင်းရိုင်းကဲ့သို့ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဘယ်ညာလက်သီးတွဲများ၊ ဘယ်ညာ ခြေကန်ချက်များ တရစပ်ထိုးသတ်ရာ မြနန်းတော်(မြန်မာပြည်သား)မရှောင်တိမ်းနိုင်အောင်ဖြစ်ရသည်။ပထမအချီ၌ မြနန်းတော် (မြန်မာပြည်သား) ညာထောက်လက်သီးလောက်သာသုံးနိုင်ခဲ့သည်။

မာန်ဟုန်ပြင်းပြင်း

ဒုတိယအချီတွင် မာန်ဟုန်ပြင်းပြင်းနှင့် လိုက်လံထိုးသတ်နေသော အာကာဟိန်းကို မြနန်းတော်(မြန်မာပြည်သား)က အနာခံကာ မာမာတင်းတင်း တုံ့ပြန်ထိုးသတ်ခဲ့ရာ ဒုတိယအချီ ၂မိနစ် ၅၈စက္ကန့်၌ မြနန်းတော် (မြန်မာပြည်သား) ၏ အားပါပြင်းထန်သော ဘယ်ဖြောင့်လက်သီးကြောင့် အာကာဟိန်း(မြို့တော်စည်ပင်)လဲကျခဲ့ရာ ပြန်မထနိုင်သဖြင့် မြနန်းတော် (မြန်မာပြည်သား)က အလဲထိုး အနိုင်ရရှိခဲ့သည်။

အားပါပြင်းထန်

ငါးချီပွဲ တတိယပွဲစဉ်အဖြစ် ကျန်စစ်အောင် (မြို့တော်စည်ပင်)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် မင်းရန်နိုင် (ဘိလပ်မြေစက်ရုံ)တို့ ဆက်လက်ထိုးသတ်သည်။မင်းရန်နိုင်က ဘယ်ညာလက်သီးများကို လျှပ်ပြက်သလို လျင်လျင်မြန်မြန်ထိုးနိုင်သလို ခြေကန်ချက်များကလည်း အားပါပြင်းထန်သည်။

ကျန်စစ်အောင် (မြို့တော်စည်ပင်) က ရှောင်တိမ်းပြီး အားလွန်လာသော မင်းရန်နိုင်ကို ညာဖြတ်လက်သီးများ၊ ခြေကန်ချက်များ မိမိရရထိုးသည်။ ကျန်စစ်အောင်၏ ညာဝိုက်လက်သီး တစ်ချက် မင်းရန်နိုင်ကိုထိမှန်ပြီး ယိုင်အဆင်း ကျန်စစ်အောင်က ဖြတ်ကနဲဝင်ကာ ညာဒူးဖြင့် တိုက်ချလိုက်ရာ မင်းရန်နိုင်လဲကျပြီး အနားတောင်းရသည်။ ထို့နောက် ဆက်ထိုးရာ မင်းရန်နိုင်က ချုပ်ဒူးများသုံးပြီး ခေါင်းတိုက်များပါမကျန် သုံးသော်လည်း ပဉ္စမအချီအစမှာပင် ကျန်စစ်အောင်၏ ညာဖြောင့်လက်သီး ထိမှန်ကာ လဲကျခဲ့သဖြင့် အလဲထိုးဖြင့် ကျန်စစ်အောင် အနိုင်ရရှိသွားခဲ့သည်။

ငါးချီပွဲ စတုတ္ထပွဲစဉ်မှာ နိုင်းဝမ်းလေး(မြို့တော်စည်ပင်) နှင့် ကြယ်တစ်ပွင့် (မြန်မာပြည်သား)တို့ ပွဲ ဖြစ်သည်။ အတွေ့အကြုံရင့်ကျက်သူများ ပီပီ အမှားစောင့်ကြသည်။ ကြယ်တစ်ပွင့်၏ ခြေကန်ချက်များကလည်း ပလူပျံနေသည်။ နိုင်းဝမ်းလေး၏ ဘယ်ညာ ဖြောင့်လက်သီးများကလည်း ခရားမှ ရေသွန်သလို ဆက်တိုက်ထိုးသတ်ရာ ပရိသတ်များ အသက်မရှုနိုင်အောင် ဖြစ်ကြရသည်။

ရှောင်တိမ်း

ပြည်နယ်နှင့်တိုင်း (ရွှေတံဆိပ်ဆုရ) တာတိုးဝါး (ဘိလပ်မြေစက်ရုံ)၏ လက်သီးများကို ရွှေခါးပတ်ချန်ပီယံ သူရရဲအောင် (မြန်မာပြည်သား) က ဤသို့ရှောင်တိမ်းခဲ့သည်။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ရှောင်တိမ်းသွား

ကြယ်တစ်ပွင့် ညာဝိုက်လက်သီးတစ်ချက် နိုင်းဝမ်းလေးမျက်နှာကို ပြင်းထန်စွာထိမှန်ရာ နိုင်းဝမ်းလေး ယိုင်အသွား ကြယ်တစ်ပွင့်က ပြေးဝင်ကာ ညာခြေဖြင့် ဖြတ်ကန်လိုက်သော်လည်း နိုင်းဝမ်းလေးက ယိမ်းနွဲ့ရှောင်တိမ်းသွားသဖြင့် သက်သာသွားခဲ့သည်။

ဒုတိယအချီတွင် ကြယ်တစ်ပွင့်နှင့် နိုင်းဝမ်းလေးအသည်းပေါက်မတတ် ထိုးသတ်ခဲ့ကြရာ နှစ်ဦးစလုံး အနာခံခဲ့ကာ အကြိတ်အနယ် ထိုးခဲ့ကြရာ နိုင်းဝမ်းလေး၏ ညာဖြောင့်လက်သီးကြောင့် ကြယ်တစ်ပွင့် လဲကျခဲ့သော်လည်း ချက်ချင်းပြန်ထပြီး ထိုးသတ်သည်။

ဘတစ်ပြန် ကျားတစ်ပြန်

ကြယ်တစ်ပွင့်၏သတ္တိကို ပရိသတ်သဘောကျကာ လက်ခုပ်တဖြောင်းဖြောင်းတီးကာ အားပေးခဲ့ကြသည်။ နှစ်ဦးစလုံး ဘတစ်ပြန်ကျားတစ်ပြန် ထိုးသတ်ရာ တတိယအချီတွင် နိုင်ဝမ်းလေးထိုးသတ်မှုကြောင့် ကြယ်တစ်ပွင့် မျက်နှာ၌ သွေးများ ဖြာကျလာသဖြင့် လက်ဝှေ့ကြိုးဝိုင်း ဆရာဝန်က စစ်ဆေးပြီး ဆက်ထိုးရန်မသင့်ဟု ဆုံးဖြတ်လိုက်သဖြင့် နိုင်ဝမ်းလေး အနိုင်ရရှိသွားခဲ့သည်။

ငါးချီစိန်ခေါ်ပွဲ နောက်ဆုံးပွဲစဉ်ကား ၂၀၀၆ခုနှစ် ရွှေခါးပတ်ချန်ပီယံ သူရရဲအောင်(မြန်မာပြည်သား) နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် တာတိုးဝါး (ဘိလပ်မြေစက်ရုံ) တို့ပွဲဖြစ်သည်။

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ရန်ကုန်မြို့ ကျိုက္ကဆံ မိုးလုံလေလုံအားကစားရုံကြီး၌ ကျင်းပရာ လက်ဝှေ့ပရိသတ်များ ဤသို့ ပြည့်လျှံစွာ လာရောက်အားပေးခဲ့ကြသည်။
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ခြေခတ်ချက်များ

သူရရဲအောင်က အနီထောင့်၊ တာတိုးဝါးက အပြာထောင့်၊ အရွယ်တူ၊ အရပ်အမောင်းလည်း တူညီကြသည်။ ပွဲစသည်နှင့် တာတိုးဝါးက ခပ်ရဲရဲတိုးဝင်ပြီး ထိုးသည်။ ခြေခတ်ချက်များက ထိမိလျှင် ပွဲသိမ်းသွားနိုင်အောင် ပြင်းထန်သည်။ ဖြောင့်လက်သီး၊ တိုက်ဒူးတို့အပြင် ခေါင်းနှင့်ပါ တိုက်သည်။

သူရရဲအောင်က အမှားစောင့်ကာ ခပ်မှန်မှန် ထိုးသည်။ သူရရဲအောင်၏ ထောက်လက်သီးများက ထိရောက်အားပါသည်။ ဖြောင့်လက်သီးများက တာတိုးဝါးမျက်နှာသို့ တိုက်ရိုက်ထိရာ တာတိုးဝါးမျက်နှာ ဖူးရောင်လာသည်။ ဒုတိယအချီတွင် သူရရဲအောင်၏ ခေါင်းတိုက်ချက်မိပြီး တာတိုးဝါး မျက်နှာပေါ်တွင် သွေးများကျဆင်းလာသဖြင့် လက်ဝှေ့ကြိုးဝိုင်းဆရာဝန်က စစ်ဆေးရာ ဆက်ထိုးရန်မသင့်ဟု ဆုံးဖြတ်သဖြင့် သူရရဲအောင် အနိုင်ရရှိသွားခဲ့ပေသည်။ ။

(မြန်မာ့အလင်း)

ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးနိုင် တည်တံ့ခိုင်မြဲသော လယ်ယာဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲပေးရန်

ကုန်းမြင့်လယ်ယာဖော်ထုတ်ရေး စီမံကိန်းများဆောင်ရွက်ပေးခြင်းဖြစ်

နေပြည်တော် မေ ၁၉

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၇ရက်မွန်းလွဲ ၂နာရီက ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းရှိ ကန့်ဘားကျေးရွာအုပ်စု ဆိတ်ဖူးတောင်ကျေးရွာနှင့် သံမရဲရွာအနီး ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေး ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်သည့် လုပ်ကွက်အမှတ်(၁) လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ နယ်မြေခံတပ်ရင်းမှူးများနှင့် ဒေသခံ ရပ်မိရပ်ဖများက ကြိုဆိုကြသည်။ (အောက်ပုံ)

အမှာစကားပြောကြား

ရှေးဦးစွာ ပျဉ်းမနားခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက ကုန်းမြင့်လယ်ယာဖော်ထုတ်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးက မှာကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော တောင်ပေါ်ဒေသရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လာရောက်ရခြင်းဖြစ်ကြောင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် စိုက်ပျိုးခြင်းကြောင့် သစ်တော ပြုန်းတီးမှုများ ရာသီဥတုဖောက်ပြန်မှုများနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် ရွှေ့ပြောင်းတောင်ယာစနစ်အစား တည်တံ့ခိုင်မြဲသော လယ်ယာဥယျာဉ်ခြံမြေများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက် ယင်းကုန်းမြင့်လယ်ယာ ဖော်ထုတ်ရေး စီမံကိန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုလုပ်ကွက် အမှတ် (၁) တွင် လယ်ယာမြေဖော်ထုတ်နိုင်မှု ဧက ၁၅၀ ခန့်ရှိပြီး ၄၇ ဧကဖော်ထုတ်ပြီးဖြစ်ကြောင်း၊ ဖော်ထုတ်ပြီးလယ်မြေများကိုလည်း လက်တွေ့စိုက်ပျိုးမည့်ဒေသခံ တောင်သူများအား စနစ်တကျ ခွဲဝေပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်း နှံစပါး၊ မိုးစပါးမျိုးစေ့များ နှစ်ရှည် သီးနှံပျိုးပင်များနှင့် နည်းပညာများကို ပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ထို့အပြင် လက်ရှိကုန်းမြင့်လယ်ယာများတွင် စားသုံးသီးနှံ သစ်တော ရောနှော စိုက်ပျိုးခြင်းဖြင့် သစ်တော ထိန်းသိမ်း ကာကွယ်ရေးနှင့် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ကွင်းဆင်းတိုင်းတာ

ထို့အပြင် စိုက်ပျိုးရေရရှိရေးအတွက် မဲဟော်ချောင်းရေလွှဲဆည် တည်ဆောက်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းတိုင်းတာ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဒေသသည် ယခင်ကပင် နှစ်ရှည်သီးနှံပင်များဖြစ်သည့် သရက်၊ အုန်း၊ ရော်ဘာ၊ တညင်း၊ သီဟိုဠ်၊ ဖာလာ၊ ကွမ်း အစရှိသည့်အပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက် ရှိကြောင်း၊ ထို့ကြောင့် စံပြဥယျာဉ်ခြံများဖြစ်အောင် ဒေသခံတောင်သူများဘက်က အားကြိုးမာန်တက် ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့အပြင် တားမြစ်ထားသည့် တောမီးရှို့ခြင်း၊ တောင်ယာခုတ်ခြင်း၊ အုတ်ဖုတ်၊ မီးသွေးဖုတ်ခြင်းများ မပြုလုပ်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးမှတ်ကြီးနှင့်ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်တို့က ဌာနများအလိုက် ဆောင်ရွက်ပေးမည့် အခြေအနေများနှင့် ဒေသခံပြည်သူများဘက်မှ လိုက်နာဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မဲဟော်ချောင်းရေလွှဲဆည်

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဲဟော်ချောင်း ရေလွှဲဆည် ပြုလုပ်မည့်လျာထားနေရာသို့ သွားရောက်၍ ရေလွှဲဆည် တည်ဆောက်နိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

တိုးချဲ့ဖော်ထုတ်ပေးမည်

ပျဉ်းမနား အရှေ့ခြမ်းတောင်ပေါ် ဒေသတွင် ပဏာမကွင်းဆင်းတိုင်းတာချက်များအရ ကုန်းမြင့်လယ်ယာ ဖော်ထုတ်ပေးနိုင်မည့် မြေဧကမှာ လယ်မြေ၆၄၂ ဧကနှင့်ယာမြေ ၂၅၂ဧက စုစုပေါင်း ၈၉၄ဧကအထိ ဖော်ထုတ်ပေးနိုင်မည်ဖြစ်ပြီး ယခုနေရာမှ စတင်၍ တောင်ပေါ်ဒေသများအထိ ဆက်လက်တိုးချဲ့ဖော်ထုတ်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဗိုလ်မှူးမြင့်လွင်(ငြိမ်း)အား ရည်စူး၍ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မင်္ဂလာလမ်း အမှတ် (၅/က)နေ ဇနီး ဒေါ်တင်မြမိသားစုက အလှူငွေကျပ်သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် (ပဲခူး) ဒေါက်တာ ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မူးယစ်ကင်းစင်အလှဆင်

ဌာနဆိုင်ရာဘာသာရပ်များ ပို့ချမှုရက်တိုသင်တန်းဆင်း

နေပြည်တော် မေ ၁၉

လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဌာနဆိုင်ရာဘာသာရပ်များ ပို့ချမှု ရက်တိုသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က အမှာစကားပြောကြားရာတွင် ဌာနအလိုက်ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို သင်တန်းတွင် လေ့လာမှတ်သားခဲ့သည့် ဘာသာရပ်များမှ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လက်တွေ့ လုပ်ငန်းခွင်ရှိ အတွေ့အကြုံများဖြင့် ပေါင်းစပ်၍ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် "မြေမျိုလို့ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုး ပြုတ်မည်"ဟူသည့် ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းတာဝန်များကို တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ အရာရှိအဆင့် သင်တန်းသား ၂၄ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

Nikon ဒီဂျစ်တယ်ကင်မရာ မော်ဒယ်သစ်များ မိတ်ဆက်ရှင်းလင်းပွဲ

ရန်ကုန် မေ ၁၉

Nikon Singapore Pte, Ltd. နှင့် Special Style Photo & Electronics တို့ ပူးပေါင်းကျင်းပသော Nikon ဒီဂျစ်တယ်ကင်မရာ မိတ်ဆက် ရှင်းလင်းပွဲကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ Traders Hotel (Ballroom) ၌ ကျင်းပရာ (အပေါ်ပုံ) **အခမ်းအနားသို့ ဖိတ်ကြားထားသည့် အရောင်းကိုယ်စားလှယ်များ၊ ဓာတ်ပုံပညာရှင်များနှင့် စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

လက်တွေ့စမ်းသပ်

ရှေးဦးစွာ Special Style Photo &Electronics မန်နေဂျင်း ဒါရိုက်တာ ဦးမောင်မောင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး Nikon Singapore Sales & Marketing Manager Mr. M. Numako က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ Asia Technical Office, Nikon Singapore မှ Senior Executive , Mr. William Lee က Nikon DSLR မော်ဒယ် အသစ်ဖြစ်သော D 40 နှင့် D 40x တို့အကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ဓာတ်ပုံပညာရှင်များက လက်တွေ့စမ်းသပ် ရိုက်ကူးလေ့လာကြသည်။

ဖြန့်ဖြူးရောင်းချ

Nikon ကင်မရာများနှင့် အပိုပစ္စည်းများကို အမြို့မြို့၊ အနယ်နယ်ရှိ ကင်မရာအရောင်းဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Special Style Photo &Electronics က မြန်မာတစ်ပြည်လုံးသို့ တစ်နှစ်အာမခံဖြင့် တာဝန်ယူဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည်။

ဆက်သွယ်ရန် လိပ်စာမှာ Nikon ကင်မရာအရောင်းပြခန်းအမှတ်(W-1)ဂျိုးဖြူလမ်း အောင်ဆန်းကွင်း အနောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ဖြစ်ပြီး ဖုန်း ၃၈၆၉၃၅၊၂၅၂၉၅၃ နှင့် အီးမေး(လ်) nikon @ myanmar. com.mm ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်လေ့လာ

ရန်ကုန် မေ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Zhuang Automous Region Bureau of Radio, Film and Television မှ Director General Mr. Yang Jianguo ဦးဆောင်သည့် အဖွဲ့ဝင်လေးဦးပါသော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်လေ့လာကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်စပ်လျဉ်း၍ ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဧည့်သည်လေ့လာရေးအဖွဲ့သည် မြန်မာ့အသံ အသံသွင်းစတူဒီယို(D)၌ မြန်မာမှုအနုပညာ သရုပ်ပြအသံသွင်းမှုကို ကြည့်ရှုလေ့လာပြီး ရုပ်မြင်သံကြားစတူဒီယို(1)၌ မြန်မာ့ရိုးရာ အဆို၊ အကများ သရုပ်ပြရိုက်ကူးမှုကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝင်းသူဇာအရောင်းဆိုင် ဝန်ထမ်းများ ဖော်ရွေစွာ ပြုမူဆက်ဆံ ဆိုင်အတွင်းပစ္စည်းများပြတ်လပ်မှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်

ကြည့်ရှုစစ်ဆေး

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပျော်ဘွယ် ချည်မျှင်စက်ရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

နေပြည်တော် မေ ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်လိုက်ပါ၍ ယမန်နေ့မွန်းလွဲ၁၂နာရီခွဲတွင် မန္တလေးတိုင်း ရမည်းသင်းမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာနအသီးသီးမှ ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဖော်ရွေစွာဆက်ဆံ

ဝန်ကြီးက ဝင်းသူဇာ အရောင်းဆိုင်များ၏ ချမှတ်ထားသောမူအတိုင်း လိုက်နာဆောင်ရွက်ကြရေး၊ အရောင်းဝန်ထမ်းများ ဖော်ရွေစွာပြုမူ ဆက်ဆံရေး၊ ရောင်းကုန်ပစ္စည်းများ အချိန်မီဖြည့်တင်းရေးလုပ်ငန်း လိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဝင်းသူဇာ အရောင်းဆိုင် (ပျော်ဘွယ်)သို့ ရောက်ရှိ၍ အရောင်းဆိုင်အတွင်း ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကျေးရွာအထိ

ဝန်ကြီးက အရောင်းဆိုင်တာဝန်ခံနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ဆိုင်အတွင်း ပစ္စည်းများပြတ်လပ်မှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ကျေးရွာများအထိ သွားရောက်ရောင်းချကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ်ချည်မျှင်စက်ရုံ စီမံကိန်း စက်ရုံတည်ဆောက်မည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က မြို့ပြဆိုင်ရာ အဆောက်အအုံ တည်ဆောက်မှုနှင့် မြေပြုပြင်မှုများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက စက်ရုံတည်ဆောက်မည့် မြေနေရာနှင့် ဆက်စပ်အဆောက်အအုံတည်ဆောက်မှု၊ ဝါစိုက်ပျိုးမည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် စီမံကိန်းစက်ရုံယာယီ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ပင်မစက်ရုံအဆောက်အအုံ တည်ဆောက်မှု၊ စက်ရုံအဝင်လမ်းဖောက်လုပ်မှု၊ ရေရရှိနိုင်မှု၊လျှပ်စစ်သွယ်တန်းမှုတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဝန်ကြီးက အရိပ်ရပင်နှင့် လေကာပင်များ ယခုကတည်းက စတင် စိုက်ပျိုးရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးဦးအောင်သောင်းသည် မန္တလေးတိုင်း မြစ်သားမြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း မြစ်သားချည်မျှင်စက်ရုံ (စီမံကိန်း) လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများက မြို့ပြဆိုင်ရာအဆောက်အအုံ (Spimming Workshop Chiller Station Ground Tank Machine Shop)နှင့် ကုန်ကြမ်းကုန်ချော ဂိုဒေါင် တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပင်မစက်ရုံ၏ တည်ဆောက်မည့် နေရာနှင့် အဆောက်အအုံ ဘေးနံရံများ တည်ဆောက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကယားပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး နယ်စပ်/စည်ပင်ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွှန့်တင်နှင့်အတူ မေ ၁၄ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံး၌ ကျင်းပသော ကယားပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။ (အောက်ပုံ)

တာဝန်ယူ ဆောင်ရွက်

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီမှ ဖွဲ့စည်းပေးသောပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးအဖွဲ့(၅)တွင်တာဝန်ခံအဖြစ်ဆောင်ရွက်ရပြီး ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့ကို တာဝန်ယူဆောင်ရွက်ရကြောင်း။

ရှမ်းပြည်နယ်တွင် နှစ်ကြိမ်၊ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တစ်ကြိမ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တစ်ကြိမ်သွားရောက်ပြီး ပြည်နယ်အဆင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံပြီး ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ကြောင်း၊ လုပ်ငန်း အစီရင်ခံစာများကိုလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီသို့ စဉ်ဆက်မပြတ် တင်ပြခဲ့ကြောင်း။

ကယားပြည်နယ်အနေနှင့် ယခုခရီးစဉ်တွင် ပထမဆုံးအကြိမ်ဖြစ်ပြီး ကော်မတီဝင်များ စုံစုံညီညီနှင့် တွေ့ဆုံဆွေးနွေးခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပဏာမပြောကြားသွားသည်။

ဖုံးလွှမ်းလျက်ရှိ

ဆက်လက်ပြီး အထူးလုပ်ငန်းအဖွဲ့(၅)၏ အတွင်းရေးမှူး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဆင့်က ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံးတွင် ၅၂ ရာခိုင်နှုန်းခန့် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ခန့်ကတည်းက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခဲ့သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ မပျက်စီးဘဲ ယနေ့တိုင် တည်ရှိဆဲဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြည်နယ် သစ်တောဦးစီးဌာနမှူး ဦးထွန်းအောင်ကျော်က ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအား သက်ဆိုင်ရာ ဌာနများမှ အဖွဲ့ဝင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနတို့မှ ၎င်းတို့ဌာနနှင့် သက်ဆိုင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို ဆွေးနွေးတင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

ပြည်နယ်အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ဝင်များ ဆွေးနွေးတင်ပြချက်များအပေါ် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွှန့်တင်က ဖြည့်စွက်ဆွေးနွေးသည်။

အထူးလုပ်ငန်းအဖွဲ့(၅) တာဝန်ခံ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီမှလည်း လုပ်ငန်းအဖွဲ့ တာဝန်ခံများ အကြောင်းကြောင်းကြောင့် ကွင်းဆင်းခြင်းမပြုနိုင်ပါက အဖွဲ့ဝင်များအနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရန် မှာကြားထားကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍ မရနိုင်ကြောင်း၊ ယခုလို ဌာနတိုင်း ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မည့် လုပ်ငန်းဖြစ်၍ နောင်လေးလပတ်တွင်လည်း ယခုလို တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ရည်ရွယ်စိုက်ပျိုးထား

အစည်းအဝေးအပြီးတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် သစ်တောဦးစီးဌာနကပြုစုပျိုးထောင်ထားသော ကန္ဒာရဝတီ ပျိုးဥယျာဉ်၊နွားလပိုးဆည်အတွင်း စီးဝင်သော နွားလပိုးချောင်း ပတ်ဝန်းကျင် ရေဝေရေလဲဒေသနှင့် ကုန်သာကျေးရွာ ကြိုးပြင်ကာကွယ်တောအတွင်း ရေဝေ ရေလဲဧရိယာထိန်းသိမ်းရန် ရည်ရွယ်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀နှင့် ကျွန်းစိုက်ခင်း ငါးဧကတို့အား သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့က ဖွင့်လှစ်သော အခြားအဆင့်တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်း အမှတ်စဉ် (၃/၂၀၀၇) သင်တန်းဆင်းပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၆ ရပ်ကွက် သီရိမြိုင် ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး ဝင်းနိုင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းတွင် စွမ်းရည်သုံးရပ် ပထမဆုရ လ-၁၉၆၁၅၀ ရဲတပ်ကြပ်ထက်ကိုကို၊ ဒုတိယဆုရ လ-၁၉၀၀၃၅ ရဲအရာခံဌေးဝင်းနှင့် တတိယဆုရ လ-၁၈၅၃၄၈ ရဲတပ်ကြပ်ကျော်မြင့်အောင်တို့အား ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးဝင်းနိုင်က ဆုများအသီးသီး ချီးမြှင့်ခဲ့ပြီး သင်တန်းသားများ၏ သင်တန်းဆင်း လက်မှတ်များကို သင်တန်းဆင်းတပ်ဖွဲ့ဝင်များကိုယ်စား သင်တန်းသား တပ်ခွဲမှူး လ-၁၈၄၃၇၆ ဒုတိယရဲအုပ်တင်ကိုသို့ ပေးအပ်သည်။ ယင်းသင်တန်းသို့ ပြည်နယ်၊ တိုင်း၊ တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်းများမှ သင်တန်းသားအရာရှိ နှစ်ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၉၈ ဦး စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ငွေပဒေသာပင် စာအုပ်စာစောင်များနှင့် လူထုဆက်သွယ်ရေးပစ္စည်းများလှူဒါန်းခြင်း အခမ်းအနားကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၁၇ တိုက်ကိုဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ အဆိုပါ စာကြည့်တိုက်များအတွက် စေတနာရှင်များက လှူဒါန်းလိုသော စာအုပ်စာစောင် ဂျာနယ်မဂ္ဂဇင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်၂၂၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၂၇၀သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

✡ **ကျောဖုံးမှ**

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင်နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အမိနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ချမှတ်၍အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

သယံဇာတကြွယ်ဝ

စီးပွားရေး ဦးတည်ချက်(၄)ရပ်အနက် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်တစ်ရပ်ကိုပါ ချမှတ်ဖော်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် သီးနှံစိုက်ပျိုး ဖြစ်ထွန်းနိုင်သော ရေသယံဇာတ၊ မြေသယံဇာတတို့ ပြည့်စုံကြွယ်ဝပြီး မျှတသော ရာသီဥတုရှိသည့် ထူးခြားသော နိုင်ငံဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကသီးနှံ ဖြစ်သည့် ဆန်စပါးကို တစ်ချိန်က ပြည်တွင်း ဖူလုံရုံမျှသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း အကြောင်းကြောင်းများကြောင့် ဆန်စပါးအထွက်နှုန်း ကျဆင်းခဲ့ရကြောင်း၊ ယခု နိုင်ငံတော်အစိုးရလက်ထက်တွင် ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ဆန်စပါးပိုလျှံသည့်အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

အကျိုးပြုနိုင်

နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်း၌ ဆည်မြောင်းတာတမံ ၁၉၉ ခုနှင့် မြစ်ရေတင် စီမံကိန်း၃၀၅ခုတို့ကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးခဲ့၍ ယခုအခါ လယ်မြေဧက ၂၃သမ၆သန်းကျော်ကို စိုက်ပျိုးရေပေးဝေအကျိုးပြုနိုင်ပြီ ဖြစ်ကြောင်း။

၁၉၈၈–၁၉၈၉ ခုနှစ်တွင် စပါးစိုက်ဧက ၁၁ဒသမ၈၁သန်းရှိပြီး စပါးအထွက် တင်းသန်း ၆၃၀ခန့်ရှိခဲ့ရာမှ ၁၉၉၃–၁၉၉၄ ခုနှစ်တွင် စပါးတင်းသန်း ၈၀၀ ကျော်ထွက်ရှိအောင် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၀၀–၂၀၀၁ ခုနှစ်တွင် စပါးတင်းသန်း ၁၀၀၀ကျော် ဆက်လက်ထုတ်လုပ်နိုင်ခဲ့ပြီး စပါးတင်းသန်း၁၂၀၀ကျော် ထွက်ရှိအောင်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၀၅–၂၀၀၆ခုနှစ်တွင် စပါးတင်းသန်းပေါင်း ၁၃၂၆ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ပြည့်မီကျော်လွန်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အနာဂတ်တွင် တိုးပွားလာမည့် သားစဉ်မြေးဆက်များနှင့် တိုးပွားလာမည့် လူဦးရေသန်း ၁၀၀ အထိ စားသုံးမှုဖူလုံစေရေးအတွက် နိုင်ငံတော်က အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ရည်မှန်းပြီး စပါးတင်းသန်း ၁၅၀၀ကျော် ထွက်ရှိရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင် ပြည့်မီကျော်လွန်သွားမည် ဖြစ်ကြောင်း။

ကုန်သွယ်မှုအပိုင်းတွင်လည်း ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ လိုက်လျောညီထွေစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၀၃ခုနှစ် ဧပြီ ၂၃ရက်တွင် မြန်မာ့ဆန်စပါး ရောင်းဝယ်ရေး မူဝါဒသစ်ကို ပြဋ္ဌာန်းကာ လွတ်လပ်စွာ ဆောင်ရွက်ခွင့် ပေးထားပြီးဖြစ်ကြောင်း။

သို့သော် ဝိသမလောဘဖြင့် ရောင်းဝယ်ဖောက်ကားသူအချို့ ရှိနေသဖြင့် ဆန်စပါး ဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေးအတွက် အတ္တ၊ ပရမျှတ ညီညွတ်စွာ ရောင်းဝယ်ဖောက်ကားကြရန် လိုကြောင်း။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းအနေဖြင့် နိုင်ငံတော်အကျိုး၊ စားသုံးသူပြည်သူများအကျိုး၊ ထုတ်လုပ်သူ တောင်သူလယ်သမား အကျိုးတို့အတွက် အမျိုးသားရေး စွမ်းအား၊ အမျိုးသားရေးအသွင်ဖြင့် ပိုမိုကျစ်လျစ်ခိုင်မာပြီး ပိုမိုစွမ်းဆောင်နိုင်သည့်အသင်းကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

အတည်ပြုကြေညာ

ထို့နောက် အခမ်းအနားမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ခင်စန္ဒာမြင့်က မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းတို့ကို တင်သွင်းပြီး အစည်းအဝေးသို့ တက်ရောက်လာသူများထံမှ အတည်ပြုချက်ကို ရယူကာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းတို့ကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၏ ၂၀၀၇–၂၀၀၉ခုနှစ်အတွက်နာယကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် အထွေထွေ အတွင်းရေးမှူး ဦးမျိုးအောင်ကျော်တို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်များနှင့်အလုပ်အမှုဆောင်များ၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် စုံညီအစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်ချုပ်စောလွင် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မေ ၁၉

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အဆိုပါဘဏ်ရုံးချုပ်ခန်းမ၌ကျင်းပရာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘဏ်များ အသင်းဝင်များ၊ ဘဏ်အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟန်ချက်ညီညီ

အစည်းအဝေးတွင် သဘာပတိ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုအရ ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်သည် တည်ငြိမ်ခိုင်မာမှုရှိသည့် ဘဏ်တစ်ခုဖြစ်ပြီးဒါရိုက်တာအဖွဲ့နှင့်ဘဏ်ဝန်ထမ်းများ တက်ညီလက်ညီ အားသွန်ခွန်စိုက်ပေါင်းစည်း ကြိုးပမ်းနိုင်သည်နှင့် အမျှ ဘဏ်လုပ်ငန်းများ အဘက်ဘက်မှအရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဘဏ်ဝန်ထမ်းများသည် ရရှိထားသည့်အခြေခံကောင်းများ၊ ရလဒ်ကောင်းများကို အကျိုးရှိရှိထိုက်တန်စွာ အသုံးချပြီး မိမိဘဏ်ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံး ဟန်ချက်ညီညီ တိုးတက်စည်ပင်လာရေးအတွက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိမ်းအောင်က မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ဒါရိုက်တာအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ် နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက် ရယူသည်။

ယင်းနောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးစာရင်းရှင်းတမ်းနှင့် စာရင်းစစ် အစီခံစာကို စာရင်းစစ်အဖွဲ့ဝင် ဒေါ်ခင်သန်းဦးက ဖတ်ကြားတင်သွင်းပြီး တက်ရောက်လာသည့် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကိုရယူသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ကြပြီး ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် သဘာပတိ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာများအပေါ် အမြတ်ငွေများကို မေ၂၁ရက်မှစတင်၍ အဆိုပါ ဘဏ်၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ ရက်မှ ၃၁ ရက်အထိ

စိတ်ဓာတ် ကျန်းမာရေး ပညာ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ကံမြင့်ကျောင်း တိပိဋကဓရ တရားပွဲ

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် တိပိဋကဓရ ဆရာတော်ကြီးများ တရားပွဲကျင်းပမည်ဖြစ်ရာ မေ၂၂ရက်တွင် တိပိဋကဓရဆရာတော်ကောဏ္ဍညကလည်းကောင်း၊ မေ၂၃ရက်တွင် တိပိဋကဓမ္မဘဏ္ဍာဂါရိက ဆရာတော် သီလက္ခန္ဓာဘိဝံသက လည်းကောင်း၊ မေ၂၄ရက်တွင် တိပိဋကဓရ ဆရာတော် အဘိဇာတကလည်းကောင်း၊ မေ၂၅ရက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ စွန်းလွန်းဆရာတော်သုန္ဒရက လည်းကောင်း၊ မေ ၂၆ရက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကုန္ဒပါလက လည်းကောင်း၊ မေ၂၇ရက်တွင် တိပိဋကဓရ ဆရာတော်ကုန္ဒာစရိယက လည်းကောင်း၊ မေ၂၈ရက်တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဝံသပါလက လည်းကောင်း၊ မေ၂၉ရက်တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဂန္ဓမာလာလင်္ကာရက လည်းကောင်း၊ မေ၃၀ရက်တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် ဝါယာမိန္ဒာဘိဝံသက လည်းကောင်း၊ မေ ၃၁ရက်တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် သီရိန္ဒာဘိဝံသက လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ **(က–ပ)**

အက်ဖ်အေဖလားဗိုလ်လုပွဲ အကြိတ်အနယ်ယှဉ်ပြိုင် ချယ်လ်ဆီးက မန်ယူကို အချိန်ပိုတွင်နိုင်ပြီး ဖလားယူ

သတင်းမြင်ကွင်း မြင့်စိုး

လန်ဒန် မေ ၁၉

မန်ယူနှင့်ချယ်လ်ဆီးတို့သည် ပရီမီယာလိဂ်အလွန် အက်ဖ်အေဖလားဗိုလ်လုပွဲအဖြစ် မေ၁၉ရက်ညပိုင်းက ဝင်ဘလေကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးတို့ အချိန်ပိုတွင် တစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး အက်ဖ်အေဖလား ဆွတ်ခူးသွားပြီဖြစ်သည်။

ထိုနေ့က မန်ယူအသင်းတွင် စီရိုနယ်ဒို၊ ရွန်နေ၊ ရိုင်ယန်ဂစ်၊ ဗီဒစ်၊ ပေါလ်စခိုးလ်၊ ဟိန့်ဇ်အစရှိသော အကျော်အမော်များ ပါဝင်ကစားခဲ့သည်။ ထို့အတူ ချယ်လ်ဆီးအသင်းတွင်လည်း ဒရော့ဘာ၊ လမ်းပတ်၊ အက်ဆီယန်၊ ရော့ဘင်တို့ပါဝင်ကစားခဲ့သည်။ ပွဲအစတွင် နှစ်သင်းစလုံး ပုံမှန်ခြေဖြင့် ကစားခဲ့ကြရာ ပထမပိုင်းပွဲပြီးရန် နီးလာချိန်တွင် မန်ယူတို့ကစားကွက် ပိုသွက်လာသည်။ သို့သော်လည်း ပထမပိုင်းပွဲပြီးသည်အထိ ဂိုးမရှိသရေပွဲဖြစ်နေသည်။

ဒုတိယပိုင်း ပြန်စချိန်တွင် ရွန်နေအပိုင်ကန်သွင်းရာ ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ် ပုတ်ထုတ်ကာကွယ်လိုက်နိုင်သည်။ ပွဲချိန် ၅၆မိနစ်တွင်လည်း ဗီဒစ်က ချယ်လ်ဆီးဂိုးရှေ့သို့ အမြောက်ကန်ပို့လိုက်ရာ ဂစ်မနားတမ်း ကန်သွင်းသော်လည်း ဘားတန်းကျော်သွားခဲ့သည်။

သွက်လက်မြန်ဆန်လာ

ပွဲချိန် ၅၉ မိနစ်တွင် ချယ်လ်ဆီးတို့ မန်ယူပယ်နယ်တီဧရိယာအနီး တည်ကန်ဘောရရှိရာ ရော့ဘင်ကန်ဟန်ပြပြီး ဒရော့ဘာကန်သွင်းရာ မန်ယူဂိုးသမား ဗန်ဒါဆာ ပုတ်ထုတ်ကာကွယ်လိုက်နိုင်သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ပို၍ အကြိတ်အနယ်ရှိလာပြီး ကစားကွက်မှာလည်း သွက်လက်မြန်ဆန်လာသည်။ သို့သော်လည်း နှစ်သင်းစလုံး ပွဲကြမ်းမကစားဘဲ မျှတအောင် ကစားနိုင်သည်ကို တွေ့ရသည်။

ပွဲချိန် မိနစ်၉၀ပြည့်ချိန်တွင် ရွန်နေ ဂိုးသွင်းခွင့်ကြုံသော်လည်း ချယ်လ်ဆီးနောက်တန်းလူ ခြေဦးသွား၍ ထောင့်ကန်ဘော ဖြစ်သွားရသည်။

တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြ၍ အချိန်ပို ၁၅မိနစ် ဆက်လက်ကစားခဲ့ရာ မန်ယူက ဖလက်ချာအစား စမစ်ကိုလည်းကောင်း၊ ချယ်လ်ဆီးက ရိုက်ဖီးလစ်အစား ကလူးကိုလည်းကောင်း လူလဲပြီး အားဖြည့်ခဲ့သည်။

သို့ရာတွင် ဂိုးမသွင်းနိုင်ခဲ့ပြန်၍ အချိန်ပို ဒုတိယပိုင်း၁၅မိနစ် ကစားရာ ချယ်လ်ဆီးက ရော့ဘင်အစား အက်ရှ်လေကိုး၊ မန်ယူက ကာရစ်အစား အိုရှီးယားတို့ကို ထည့်ကစားခဲ့သည်။

နှစ်သင်းစလုံး အနိုင်ဂိုးရရှိရေး အကြိတ်အနယ်ကစားကြရာ ရွန်နေ ထိုးပေးသောဘောလုံးကို ဂစ်ကန်သွင်းရာ ချယ်လ်ဆီးဂိုးသမားပီတာဆက်ချ် ဂိုးစည်းပေါ် အုပ်မိုးဖမ်းလိုက်၍ မန်ယူတို့ ကံခေသွားခဲ့သည်။

တိုက်စစ်ဆင်ထိုးဖောက်

ချယ်လ်ဆီးက အမှတ်မထင်တိုက်စစ်ဆင် ထိုးဖောက်လာရာ ဒရော့ဘာနှင့်လမ်းပတ်တို့ အပေးအယူအတိုင်အဖောက်ကစားပြီး ဒရော့ဘာက ဗန်ဒါဆာကိုကျော်၍ ဘောလုံးကိုသွင်းယူလိုက်သဖြင့် ချယ်လ်ဆီးတို့ အနိုင်ဂိုးရသွားခဲ့သည်။ မန်ယူတို့ ချေပဂိုးသွင်းယူရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့၍ ယခုနှစ်တွင် မန်ယူတို့ ပရီမီယာလိဂ်ဖလားဖြင့်သာ ကျေနပ်လိုက်ရသည်။

(အင်တာနက်)

အောင်ပွဲခံ

အက်ဖ်အေဖလားနှင့်အတူ အောင်ပွဲခံနေသော ချယ်လ်ဆီး အသင်း အားကစားသမားများ။

(အင်တာနက်)

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ်ရှိ ရုပ်မြင်သံကြား ထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို မေ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယတောင်ပိုင်း၌ အပူလှိုင်းကျရောက် ၁၂၈ ဦး သေဆုံး

ဟိုက်ဒရာဘတ်(အိန္ဒိယ) မေ ၁၉

အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင် ပြီးခဲ့သည့် ၁၀ ရက်အတွင်း အပူလှိုင်းကျရောက်မှုကြောင့် ၁၂၈ ဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူ အများစုမှာ အိုးမဲ့အိမ်မဲ့များ ဖြစ်ကြကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၁၇ ရက်တွင် ပြောကြားသည်။

အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် အပူချိန်မှာ ၄၅ ဒီဂရီဆဲလ်စီးရပ်မှ ၄၉ ဒသမ ၈ ဒီဂရီ ဆဲလ်စီးရပ် အထိ မြင့်တက်သွားခဲ့သည်။

အိန္ဒိယနိုင်ငံရှိ ဒေသအများစုမှာ မုတ်သုံရာသီမကျရောက်မီ အပူလှိုင်းဒဏ်ကို ခံစားကြရပြီး နှစ်စဉ်အပူဒဏ်ကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ရကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ဗီယက်နမ်တွင် အင်တာနက်အသုံးပြုသူ ပိုမိုများပြားလာ

ဟန္နိုင်း မေ ၁၉

ဗီယက်နမ်နိုင်ငံတွင် အင်တာနက်အသုံးပြုသူ အရေအတွက်မှာ တိုးတက်များပြားလာပြီး ၂၀၀၇ခုနှစ်တွင် ၁၈ဒသမ ၈သန်းရှိပြီး နိုင်ငံလူဦးရေ၏ ၁၉ရာခိုင်နှုန်းရှိကြောင်း၊ တစ်ကမ္ဘာလုံး ပျမ်းမျှအင်တာနက် အသုံးပြုမှုမှာ ၁၆ဒသမ ၉ရာခိုင်နှုန်းသာရှိကြောင်း ပြည်တွင်းသတင်းစာဖြစ်သော စီပွန်လိုင်ဘရေးရှင်းသတင်းစာက မေ ၁၇ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံတွင် ကမ္ဘာနှင့်အဝန်းကွန်ပျူတာကွန်ရက်များ ချိတ်ဆက်အသုံးပြုမှုကို ၁၉၉၇ခုနှစ် ကတည်းက အသုံးပြုခဲ့သည်။

လာမည့် ၂၀၁၀ပြည့်နှစ်တွင် နိုင်ငံလူဦးရေ၏ ၂၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ အင်တာနက် အသုံးပြုသူ အရေအတွက် တိုးတက်လာမည်ဖြစ်ကြောင်း စာတိုက်နှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက မေ ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

စီမံချက်

အဆိုပါဝန်ကြီးဌာန၏ လုပ်ငန်းစီမံချက်များတွင် ဝန်ကြီးဌာနများ၊ ပြည်နယ်မှ ရပ်ကွက် အုပ်ချုပ်ရေးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် အထက်တန်းကျောင်း အားလုံး ၂၀၁၀ပြည့်နှစ် အရောက်တွင် မြန်နှုန်းမြင့် အင်တာနက် ဆက်သွယ်ရေးလိုင်းများ တပ်ဆင်ပေးသွားရန်လည်း ပါဝင်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြင်သစ်နိုင်ငံ ကိန်း မြို့ တွင် ကျင်း ပ သော အ ကြိမ် (၆၀) မြောက် ကိန်းရုပ်ရှင် ပွဲ တော် သို့ တက်ရောက်ရန် ရောက် ရှိ လာသည့် အိ န္ဒိ ယ ရုပ် ရှင် သ ရုပ်ဆောင် အက်ရှ်ဝါယာရိုင်းအား မေ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကြိမ်(၆၀)မြောက် ကိန်းရုပ်ရှင် ပွဲတော်ဖွင့်လှစ်

ကိန်း (ပြင်သစ်) မေ ၁၉

ပြင်သစ်နိုင်ငံ ကိန်းမြို့တွင် မေ ၁၆ ရက်၌ အကြိမ်(၆၀)မြောက် ကိန်းရုပ်ရှင်ပွဲတော်ကို ဟောင်ကောင်ရုပ်ရှင်ဒါရိုက်တာဝမ်ကာဝေ၏ နောက်ဆုံးရိုက်ကူးသော ရုပ်ရှင်ဖြင့် ပြသကာ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်သို့ တရုတ်နိုင်ငံမှ ရုပ်ရှင်သရုပ်ဆောင် ဂေါင်လီ၊ အိန္ဒိယမှ ရုပ်ရှင်သရုပ်ဆောင် အက်ရှ်ဝါယာရှိုင်းတို့ အပါအဝင် အခြားရုပ်ရှင်သရုပ်ဆောင် အကျော်အမော်များ တက်ရောက်ခဲ့ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် ဟောလီးဝုဒ်၌ လူကြိုက်များခဲ့သော "Troy" ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့သူ ဂျာမနီနိုင်ငံမှ ဒိန်းခရူကာက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ဖွင့်လှစ်ပေး

အဆိုပါ ကိန်းရုပ်ရှင်ပွဲတော်ကို မေ ၁၆ ရက်မှ ၂၇ ရက်အထိကျင်းပမည်ဖြစ်သည်။ ထိုရုပ်ရှင်ပွဲတော် အခမ်းအနားကို တိုင်ပေရုပ်ရှင် သရုပ်ဆောင် စူကီနှင့် အသက်(၉၈)နှစ်အရွယ်ရှိ ပေါ်တူဂီဒါရိုက်တာ မင်နော့ ဒီအိုလီဗီးရာတို့က ဖွင့်လှစ်ပေးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားတွင် အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

ဂျကာတာ မေ ၁၉

အင်ဒိုနီးရှားနိုင်ငံ ဘန်တန် ပြည်နယ်တွင် မေ ၁၇ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အား အသင့်အတင့်ရှိ ငလျင်တစ်ခု လှုပ်သွားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ပါရှိသည်။

ဗဟိုပြု

အဆိုပါ ငလျင်သည် တောင်လတ္တီတွဒ် ၆ ဒသမ ၉၈ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၀၄ဒသမ ၉၃ဒီဂရီနှင့် ယူဂျင်ကူလောင်းမြို့ အနောက်တောင်ဘက် ပင်လယ်ရေအောက် ကီလိုမီတာ ၃၀အကွာကို ဗဟိုပြု လှုပ်သွားခဲ့ကြောင်း မိုးလေဝသနှင့် မြေငလျင်တိုင်းတာရေး အေဂျင်စီက သတင်းထုတ်ပြန်သည်။

မေ ၁၄ရက်ကလည်း ဆူလာဝေစီပြည်နယ်တွင် အင်အား ၅ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂျော်ဂျီယာမှ ရုရှားစစ်အခြေစိုက်စခန်း ရုပ်သိမ်းမှု စတင်ပြုလုပ်

မော်စကို မေ ၁၉

ဂျော်ဂျီယာနိုင်ငံ အခါကာလာကီ၌ အခြေစိုက်စခန်းချထားသော ရုရှားတပ်များသည် စတင်ရုပ်သိမ်းပြီဖြစ်ကြောင်း ယင်းစစ်အခြေစိုက်စခန်းမှ တာဝန်ရှိသူတစ်ဦးက မေ ၁၇ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါ အခြေစိုက်စခန်းမှ ရုရှားတို့ အသုံးပြုသော စစ်သုံးမော်တော်ယာဉ် ၂၂စီးနှင့် နောက်တွဲယာဉ် ၁၆စီးတို့ကို တင်ဆောင်လျက် ရထားတစ်စင်း ထွက်ခွာသွားကြောင်း အမည်မဖော်လိုသူ အထက်ဖော်ပြပါ တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ နုတ်ထွက်မည်

ဝါရှင်တန် မေ ၁၉

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ပေါလ်ဝုလ်ဖိုဝစ်ဇ်သည် ဇွန် ၃၀ရက်တွင် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ၎င်းက မေ၁၇ရက်တွင် ကြေညာလိုက်သည်။

မိမိအနေဖြင့် ကမ္ဘာ့အဆင်းရဲဆုံး လူသားများအတွက် အကောင်းဆုံး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ မိမိတာဝန်ကျေပွန်ပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

မက္ကဆီကိုမြောက်ပိုင်း၌ မူးယစ်ဂိုဏ်းဖြို့ခွင်း လူပေါင်း ၂၂ ဦး တိုက်ပွဲတွင် သေဆုံး

မက္ကဆီကို မေ ၁၉

မက္ကဆီကိုမြောက်ပိုင်း၌ မူးယစ်ဆေးဝါးနှိမ်နင်းရေး စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ခဲ့ရာ သေနတ်သမားများ၏ ခုခံ ပစ်ခတ်မှုကြောင့် လူပေါင်း ၂၂ဦး သေဆုံးသွားကြောင်း သိရသည်။

ဆိုနိုရာဒေသရှိ ရဲတပ်ဖွဲ့ဝင်များတည်ရှိရာ အရီဇိုးနားပြည်နယ်တောင်ပိုင်းတို့တွင် ရဲတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးဂိုဏ်း အဖွဲ့ဝင် ၁၅ဦး၊ ရဲတပ်ဖွဲ့ဝင်ငါးဦးနှင့် အရပ်သားနှစ်ဦး စုစုပေါင်း၂၂ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ဖူးခက်၌ ထူးကဲဒီရေတက်ခဲ့

ဗန်ကောက် မေ ၁၉

ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်အပန်းဖြေစခန်း၌ မုတ်သုံရာသီကာလအတွင်း ပုံမှန်ဒီရေမြင့်တက်မှုသည် တစ်မူထူးကဲနေပြီး ဆူနာမီဖြစ်ပေါ်မည့်လက္ခဏာများတွေ့ရကြောင်း အာဏာပိုင်များက မေ၁၇ရက်တွင် ပြောကြားသည်။

အဆိုပါ အပန်းဖြေစခန်း ဒီရေတက်မှုသည် မေ ၁၇ရက်က ယခုနှစ်အတွင်း အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ယင်းမှာ မေ ၁၆ ရက်က လာအိုနိုင်ငံ၌ လှုပ်ခတ်ခဲ့သော မြေငလျင်နှင့်မသက်ဆိုင်ကြောင်း ဖူးခက်ရှိသဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စင်ကာပူနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်တွင် ဆင်တစ်ကောင်အား တရုတ်ရိုးရာတိုင်းရင်းဆေးဖြင့် ဆေးကုသပေးနေသည်ကို မေ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

20-5 (10) 1 5/19/07, 1:00 PM

တရုတ်နိုင်ငံ ဟူဘေးပြည်နယ်ရှိ အင်တာနက်ကဖေး တစ်ခုတွင် အင်တာနက် အသုံးပြုနေကြသူများအား မေ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိအရောင်းဆိုင်တစ်ဆိုင်တွင် ဆိုနီဒစ်ဂျစ်တယ်ကင်မရာတစ်လုံးအား အရောင်းဝန်ထမ်းတစ်ဦး ပြသနေသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ ဘာသာစကားများနှစ်
၂၀၀၈ခုနှစ်ကို သတ်မှတ်ကြေညာ

ဂျီနီဗာ မေ ၁၉

လာမည့် ၂၀၀၈ခုနှစ်ကို နိုင်ငံတကာ ဘာသာစကားများနှစ်အဖြစ် သတ်မှတ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံက မေ ၁၆ရက်၌ ကြေညာခဲ့သည်။ ထိုသို့သတ်မှတ်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ နားလည်သဘောပေါက်မှုနှင့် ထိန်းသိမ်းမှုတို့အပေါ်တွင် စုစည်းမှုပိုမိုဖြစ်ထွန်းလာစေရေးအတွက်ဖြစ်ကြောင်း သိရသည်။

သဘောတူညီ

အဆိုပါ နိုင်ငံတကာ ဘာသာစကားများနှစ်အဖြစ် ၂၀၀၈ခုနှစ်ကို သတ်မှတ်ခြင်းအပေါ် ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၂နိုင်ငံတို့က ကန့်ကွက်မဲမရှိ သဘောတူညီခဲ့ကြသည်။

ဘာသာမျိုးစုံကျွမ်းကျင်

ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ပေါင်းစည်းမှုကြောင့် တိုးတက်မှု၊ ကာကွယ်စောင့်ရှောက်မှုနှင့် ကျွမ်းကျင်မှုတို့ဖြစ်ပေါ်ကာ ဘာသာမျိုးစုံကျွမ်းကျင်နေသော ကမ္ဘာ့အသိုင်းအဝိုင်းကြီးအဖြစ် ရောက်ရှိလာမည်ဖြစ်သည်။

တန်းတူအသုံးပြု

ထို့အပြင် အာရပ်၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန်ဘာသာစကားများကို အဖွဲ့အစည်းများ၏ တရားဝင်ဘာသာစကားများအဖြစ် တန်းတူအသုံးပြုရန် သတ်မှတ်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လော့စ်အိန်ဂျလိစ်လေဆိပ်၌ မော်တာကျည်ခွံတွေ့ရှိ

လော့စ်အိန်ဂျလိစ် မေ ၁၉

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မေ ၁၆ ရက် ည၌ လုံခြုံရေးဂိတ်တစ်ခုအနီး မော်တာကျည်ခွံများတွေ့ရှိခဲ့ရပြီးနောက် ခရီးသည်များအား အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရကြောင်း ရုပ်မြင်သံကြားသတင်းဌာနတစ်ခုမှ သတင်းထုတ်ပြန်သည်။

အတည်ပြု

လော့စ်အိန်ဂျလိစ် လေဆိပ်တွင် မော်တာကျည်ခွံတစ်ခုတွေ့ရှိရသည်ဟု လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့ အနောက်ဘက်၌ ကားပုံးပေါက်ကွဲ ကိုးဦးသေဆုံး ငါးဦး ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၉

အီရတ်မြို့တော် ဘဂ္ဂဒက်မြို့၏ အနောက်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ဖလူးဂျာမြို့အနီး ဒေသတစ်ခုတွင် တစ်ညတည်းမှာပင် အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့် သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ အနည်းဆုံး ကိုးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသအတွင်း ရဲသတင်းရပ်ကွက်က မေ ၁၇ ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ဖောက်ခွဲ

အသေခံဗုံးခွဲသမားသည် မေ ၁၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲက အယ်လ်ဟစ်ဆီဒေသရှိ လူအုပ်အတွင်းသို့ ၎င်း၏ ဖောက်ခွဲရေးပစ္စည်း အပြည့်တင်ထားသည့်ကားကို မောင်းသွင်းဖောက်ခွဲမှုကြောင့် ခြောက်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

ပြောကြား

ယင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ယင်းဒေသရှိဒေသခံပြည်သူများအကြား သေနတ်သမားအချင်းချင်း ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းပစ်ခတ်မှုကြောင့် တိုက်ခိုက်ရေးသမားသုံးဦးသေဆုံး၍ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ သတင်းရပ်ကွက်က ထပ်လောင်းပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘရာဇီး၌ စွမ်းအင်လိုအပ်ချက်အရ နျူကလီးယားဓာတ်အားပေးစက်ရုံ ရှစ်ရုံတည်ဆောက်မည်

ရီယိုဒီဂျနေးရိုး မေ ၁၉

ဘရာဇီးနိုင်ငံ၌ စွမ်းအင်လိုအပ်ချက် မြင့်မားလာမှုကြောင့် ၂၀၃၀ပြည့်နှစ်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံ လေးရုံမှ ရှစ်ရုံအထိ တည်ဆောက်ရန်လိုအပ်ကြောင်း ဘရာဇီးဓာတ်သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနက မေ ၁၆ ရက်က ခန့်မှန်း ပြောကြားလိုက်သည်။

ထုတ်လုပ်ပေး

ဘရာဇီးနိုင်ငံ၌ လောလောဆယ် နျူကလီးယားဓာတ်အားပေးစက်ရုံ နှစ်ရုံလည်ပတ်လျက်ရှိရာ အင်ဂရာ(၁)မှ ၆၅၇ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ပြီး အင်ဂရာ(၂)မှ မဂ္ဂါဝပ် ၁၃၅၀ ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထိုင်းနိုင်ငံအလယ်ပိုင်း၌ ဗုံး၇၀၀ကျော် သိမ်းဆည်းရမိ

ဗန်ကောက် မေ ၁၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်မှ ကီလိုမီတာ ၁၀၀ အကွာရှိ ဆာရာဘူရီပြည်နယ်အလယ်ပိုင်းရှိ လူနေဒေသတစ်ခု၌ မေ၁၇ရက်တွင် ထိုင်းရဲတပ်ဖွဲ့က ပေါက်ကွဲအားပြင်းထန်သော ဗုံးအလုံးပေါင်း ၇၀၀ ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းပေးများထံမှ သဲလွန်စရရှိပြီးနောက် ယင်းနေ့မွန်းလွဲပိုင်းတွင် ဆာရာဘူရီပြည်နယ် မူအန်ဒေသရှိ အိမ်တစ်အိမ်ကို ရဲတပ်ဖွဲ့တစ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ရာမှ စွမ်းအားမြင့် ဖောက်ခွဲရေးဗုံး ၇၀၀ ကျော်ကို အိမ်ထဲတွင် တွေ့ခဲ့ရကြောင်း ရဲအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ရဲတပ်ဖွဲ့က ယင်းပစ္စည်းပိုင်ရှင်ကို ဖမ်းဆီးထိန်းသိမ်းပြီးနောက် စုံစမ်းစစ်ဆေးရန်အတွက် ဗန်ကောက်သို့ အမြန်ဆုံးပို့ဆောင်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အသေးငယ်ဆုံး ရေနွေးအိုး

အသေးငယ်ဆုံး ရေနွေးအိုးလေးတစ်ခုကို ပြသစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ချုကျို့မြို့တွင် ပြုလုပ်ထားသော ရေနွေးအိုးလေးတစ်အိုးမှာ အရှည် တစ်စင်တီမီတာ အကျယ် ၀ ဒသမ ၆ စင်တီမီတာနှင့် အလေးချိန် နှစ်ဂရမ်ရှိရာ ကမ္ဘာပေါ်တွင် အသေးဆုံးရေနွေးအိုးအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အကြီးဆုံးဝင်္ကပါ

အကြီးဆုံး ဝင်္ကပါတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် ကျိနန်မြို့တွင် အသစ်တည်ဆောက်ပြီးစီးသွားသော ဝင်္ကပါကြီးတစ်ခုမှာ အကျယ်စတုရန်းမီတာ ၃၆၀၀ ရှိကြောင်း သိရသည်။

၎င်းဝင်္ကပါကြီးသည် ခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုတစ်ရပ်အဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။

(အင်တာနက်)

ခရီးသည်တင်ယာဉ်လိုင်းများ သတ်မှတ်နှုန်းထက် ပိုတောင်းခံခြင်းမရှိစေရေးကြပ်မတ် မြို့တွင်း အချက်အချာကျသော လူကူးမျဉ်းကျားများတွင်

ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ချထားပြီး ပညာပေးဆောင်ရွက်

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅ နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားရာတွင်**(အပေါ်ပုံ)** ရန်ကုန်မြို့တော်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးချွတ်ယွင်းနေသည့် မီးပွိုင့်များ အမြန်ဆုံး ကောင်းမွန်ရေးအတွက် ပြင်ဆင်ကြရန်၊ ရန်ကုန်မြို့အတွင်း ရေမြောင်းပိတ်ဆို့၍ ရေလွှမ်းမိုးမှု မရှိစေရေးအတွက် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းများ ကုမ္ပဏီများက ရေနုတ်မြောင်းများ၊ နောက်ဖေးလမ်းကြား မိလ္လာကန်များ၊ အရေးပေါ်လှေကားများ၊ ရေထုတ်ပေါက်များကို သတ်မှတ်ချက်အတိုင်း စနစ်တကျတည်ဆောက်ကြရေး ကြပ်မတ်သွားကြရန်၊ ခရီးသည်တင်ယာဉ်လိုင်းများ အနေဖြင့် သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံခြင်းများ မရှိစေရေးအတွက် ယာဉ်လိုင်းများက ကြပ်မတ်စစ်ဆေးသွားရန်နှင့် တွေ့ရှိပါကထိရောက်စွာ အရေးယူသွားကြရန်၊ မိုးရာသီကာလ၌ မြစ်ချောင်းများအတွင်း စက်တပ်သမ္ဗန်၊ ရေယာဉ်၊ သင်္ဘော၊ ကုန်တင်တွဲရေယာဉ်များ အရှိန်မထိန်းနိုင်ဘဲ တိုက်ခိုက်နစ်မြုပ်ဆုံးရှုံးမှု မရှိစေရေးအတွက် မိမိတို့သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ကြရန်နှင့် မဆင်မခြင်မောင်းနှင်မှု မရှိစေရေးကို ကြီးကြပ်မှုကော်မတီများက ကြပ်မတ်စစ်ဆေးသွားရန်၊ CNGသုံး မော်တော်ယာဉ်များကို အချိန်တိုအတွင်း ဖြည့်ပေးနိုင်ရေး အဓိကအချက်အချာကျသော အရောင်းဆိုင်များတွင် ကွန်ပရက်ဆာများ တိုးချဲ့တပ်ဆင်ပေးသွားရန်၊ CNG အရောင်းဆိုင် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်၊ မြို့တွင်း အချက်အချာကျသော လူကူးမျဉ်းကျားများတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များချထား၍ ပညာပေးဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ကော်မတီအသီးသီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကိစ္စရပ်များ၊ ခရီးသွား ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် တက္ကသိုလ်၊ကောလိပ် ကြိုပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေးပြီး

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား တရုတ်မြေလျှင်စခန်းများ ထူထောင်ရေးဌာန ဒုတိယအင်ဂျင်နီယာချုပ်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြေလျှင် ကြီးကြပ်အုပ်ချုပ်မှုအဖွဲ့ မြေလျှင်တိုင်းစခန်းများ ထူထောင်ရေးဌာန၏ ဒုတိယအင်ဂျင်နီယာချုပ်ဖြစ်သူ Mr. Chen Huizhong ခေါင်းဆောင်သောအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံတွင် မြေလျှင်စခန်းနှစ်ခုနှင့် မြေလျှင်သတင်းအချက်အလက် ဗဟိုဌာနတစ်ခု တည်ထောင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြေလျှင်ကြီးကြပ်အုပ်ချုပ်မှုအဖွဲ့ မြေလျှင်တိုင်းစခန်းများ ထူထောင်ရေးဌာန၏ ဒုတိယအင်ဂျင်နီယာချုပ် Mr. Chen Huizhong နှင့်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၉

ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၁၆)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း၌ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မေ ၂၆ ရက် မှ ၃၀ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နာယူနိုင်သည်။

ထို့အပြင် အပတ်စဉ်တနင်္ဂနွေနေ့တိုင်းလည်း နံနက် ၉နာရီမှ ညနေ၄နာရီအထိ ဝိပဿနာအထိုင်စခန်း ဖွင့်လှစ်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌအား လာအိုနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် အလုပ်အမှုဆောင် ဦးမျိုးသန့်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Souphakhet သည် မေ ၁၆ ရက်က ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ရင်းနှီးစွာ

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုအပြန်အလှန် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံ ကုန်သည်စက်မှု အသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးရေးကိစ္စ၊ ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စနှင့် လမ်းပန်း ဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၉

(၅၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာနရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ဝဲပုံ)

တက်ရောက်

အခမ်းအနားသို့ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာ မြင့်ကြည်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အခမ်းအနားပြင်ဆင်ရေး၊ လှူဖွယ်ပစ္စည်းလက်ခံရေး၊ လှူဒါန်းရေးနှင့်ဖိတ်ကြားရေး၊ ဆွမ်း ဆက်ကပ်ဧည့်ခံကျွေးမွေးရေး၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် ဘွဲ့တံဆိပ်အဆောင်အယောင်များ ဆက်ကပ်ရေး၊ ကြိုဆိုနေရာချထားရေး၊ သတင်းမှတ်တမ်းထုတ်ပြန်ရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ကျန်းမာရေး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေး တင်ပြကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

မန်ယူသို့ပြောင်းရွှေ့ကစားမည့် ဟားဂရေ့ဗ်

ကိုးကားရေးသားသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် မေ ၁၉

ဂျာမန် ဘွန်ဒက်စ်လီဂါပြိုင်ပွဲဝင် ဘေယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမားဖြစ်သူ အိုဝင်ဟားဂရေ့ဗ်သည် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ် ချန်ပီယံ မန်ယူကလပ်သို့ ရောက်ရှိလာမည်ဖြစ်သည်။

အင်္ဂလန်လက်ရွေးစင်

အင်္ဂလန် ကွင်းလယ်ကစားသမားလည်းဖြစ်သော ဟားဂရေ့ဗ်သည် ၁၉၈၀ခုနှစ် ဇန်နဝါရီ ၂၀ရက်၌ ကနေဒါတွင် မွေးဖွားခဲ့သူဖြစ်ပြီး ယခု အသက် (၂၆) နှစ် စွန်းစွန်း ရှိခဲ့ပြီဖြစ်သည်။ အင်္ဂလန်နိုင်ငံသားအဖြစ် ခံယူပြီးနောက် အင်္ဂလန်ဘောလုံးအသင်း လက်ရွေးစင်လည်း ဖြစ်လာခဲ့သူဖြစ်သည်။

ပါဝင်ကစား

အိုဝင်ဟားဂရေ့ဗ်သည် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီမှ စတင်ကာ ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘေယန်မြူးနစ်အသင်းတွင် ပါဝင်ကစားခဲ့ပြီး ယခုလက်ရှိအချိန်အထိလည်း ဘေယန်မြူးနစ်အသင်း ကွင်းလယ်၌ ကစားနေသူ ဖြစ်သည်။

ဖလားရယူပေး

ဘေယန်မြူးနစ်အတွက် ဟားဂရေ့ဗ်အနေဖြင့် ယူအီးအက်ဖ်အေအပါအဝင် ပွဲပေါင်း ၂၁၀ ကစားခဲ့ပြီး ၁၀ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ၂၀၀၂-၂၀၀၃ခုနှစ် ဘောလုံးရာသီ၌ ဘေယန်မြူးနစ်သို့ ရောက်ရှိလာခဲ့သော အိုဝင်ဟားဂရေ့ဗ်သည် ကွင်းလယ်ကစားသမားတစ်ဦးအနေဖြင့် ပွဲပေါင်း ၂၇ပွဲ ပါဝင်ကစားပေးနိုင်ခဲ့ပြီး ဘေယန်မြူးနစ်ကိုလည်း ဘွန်ဒက်စ်လီဂါဖလား ရယူပေးနိုင်ခဲ့သည်။

ထို့အတူ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင်လည်း ဘေယန်မြူးနစ်အတွက် ဘွန်ဒက်စ်လီဂါပွဲ ၂၉ ပွဲနှင့် ချန်ပီယံလိဂ် သုံးပွဲကစားပေးခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဘွန်ဒက်စ်လီဂါ၌ ဘေယန်မြူးနစ်တို့ ဒုတိယသာ ချိတ်နိုင်ခဲ့သည်။

အရေးပါ

ဘောလုံးအဖြတ်အတောက်ကောင်းမွန်ခြင်း၊ ဘောလုံးဖြန့်ဝေမှု ထိရောက်ခြင်းနှင့် တိုက်စစ်၊ ခံစစ် လိုက်ပါကစားနိုင်ခြင်းတို့ကြောင့် ဘေယန်မြူးနစ်အသင်းအတွက် အရေးပါသော ကွင်းလယ်ကစားသမားဖြစ်လာကာ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ ဘေယန်မြူးနစ်ကို ဘွန်ဒက်စ်လီဂါဖလား ပြန်ရအောင် ကြိုးစားပေးနိုင်ခဲ့ပြန်သည်။

ဒဏ်ရာရ

တစ်ဖန် အိုဝင်ဟားဂရေ့ဗ်သည် ၂၀၀၅-၂၀၀၆ဘောလုံးရာသီတွင် ဘေယန်မြူးနစ်အတွက် ၁၆ပွဲကစားပေးခဲ့ပြီး ဘွန်ဒက်စ်လီဂါဖလားကို ထပ်မံယူပေးနိုင်ခဲ့သည်။ ယခုနှစ် ဘောလုံးရာသီတွင်မူ ဒဏ်ရာရရှိနေမှုကြောင့် ဘွန်ဒက်စ်လီဂါပွဲစဉ် ကိုးပွဲနှင့် ချန်ပီယံလိဂ် ငါးပွဲသာ ကစားပေးနိုင်ခဲ့သည်။ ဘေယန်မြူးနစ်အသင်းလည်း ယခုနှစ်ဘွန်ဒက်စ်လီဂါ၌ ၃၃ပွဲကစားပြီးချိန်တွင် စတုတ္ထနေရာ ရောက်ရှိနေသဖြင့် ယခုနှစ် ဘွန်ဒက်စ်လီဂါဖလားရရှိရေး ခက်ခဲသွားပြီဖြစ်သည်။

အိုဝင်ဟားဂရေ့ဗ်၏ အရည်အသွေးကို သဘောကျခဲ့သော ယခင်အင်္ဂလန်နည်းပြ အဲရစ်ဆင်က အင်္ဂလန်ဘောလုံးအသင်း ကွင်းလယ်ကစားသမားအဖြစ် ရွေးချယ်ခဲ့ရာ ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား၌ အင်္ဂလန်အသင်းတွင် ပါဝင်ကစားခဲ့ရသည်။

မန်ယူသို့ ပြောင်းလာမည့် အိုဝင်ဟားဂရေ့ဗ်၏ ဘောလုံးကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ခေါ်ရန်ကြိုးစား

အိုဝင်ဟားဂရေ့ဗ်ကို မန်ယူအသင်းက ပြီးခဲ့သည့်နှစ်မှစတင်ကာ ခေါ်ယူရန် ကြိုးစားနေခဲ့ရာ ယခုနှစ်တွင်မှ ဖြစ်မြောက်ခဲ့ပြီဖြစ်သည်။ မန်ယူနှင့် ဘေယန်မြူးနစ်အသင်းတို့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး သဘောတူညီမှုများလည်း ရရှိခဲ့သည်။

ပြောင်းရွှေ့ကြေး

အိုဝင်ဟားဂရေ့ဗ် မန်ယူသို့ ပြောင်းရွှေ့မှုအတွက် ဘေယန်မြူးနစ်သို့ ပြောင်းရွှေ့ကြေး ပေါင် ၁၈သန်း ပေးရမည်ဖြစ်သည်။ ယင်းငွေကြေးများကို မန်ယူက လက်ငင်းပေးချေရမည်ဖြစ်ပြီး မန်ယူအသင်းအနေဖြင့် နောက်နှစ်ဘောလုံးရာသီ၌ ပရီမီယာလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလားစသည့် ဆုဖလားများရရှိလျှင်လည်း သတ်မှတ်ထားသော ငွေကြေးများ ထပ်မံပေးရမည်ဖြစ်သည်။

ဆန္ဒကြီးမား

အိုဝင်ဟားဂရေ့ဗ်အား ဖာဂူဆန် အရခေါ်ယူလိုက်ခြင်းမှာ ကွင်းလယ်တွင် ကျွမ်းကျင်စွာကစားနိုင်သူဖြစ်သလို ညာနောက်ခံလူအဖြစ်လည်း အသုံးပြု၍ရခြင်းကြောင့်ဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားထားသည်။ ထို့အပြင် အိုဝင်ဟားဂရေ့ဗ်ကိုယ်တိုင်ကလည်း မန်ယူသို့ ပြောင်းရွှေ့လိုသော ဆန္ဒကြီးမားနေသဖြင့် ယခုကဲ့သို့ ပြောင်းရွှေ့မှု ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်သည်။

အိုဝင်ဟားဂရေ့ဗ် ရောက်ရှိလာသဖြင့် မန်ယူကွင်းလယ်သည် ပိုမိုနပ်ဖျို သွားမည် ဖြစ်သည့်အပြင် ကွင်းလယ်ကစားအားလည်း ပိုမိုသွက်လက်လာမည်ကို မြင်တွေ့ရဖွယ်ရှိပါကြောင်း။

(ကိုးကား- အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **လီဗာပူးတောင်ပံကစားသမား ဇန်ဒန်းသည် မေ ၂၃ ရက်တွင် ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒဏ်ရာရထားသဖြင့် ပါဝင်ကစားရန် မသေချာကြောင်း လီဗာပူးကလပ်က ပြောကြားသည်။**

* မေ ၂၃ ရက်တွင် အေသင်မြို့၌ကစားမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲသည် မိမိ၏ကစားသမားဘဝ သက်တမ်းတစ်လျှောက် အကြီးကျယ်ဆုံး ပြိုင်ပွဲဖြစ်လိမ့်မည်ဖြစ်ကြောင်း အေစီမီလန်ကစားသမား ကာကာက ပြောကြားလိုက်သည်။

* **စီရိုနယ်ဒိုသည် အကောင်းဆုံးဘောလုံးသမား ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း မန်ယူနည်းပြဖာဂူဆန်က ပြောကြားလိုက်သည်။**

(အင်တာနက်)

ကုလသမဂ္ဂသံတမန် ဒရော့ဘာနှင့် တွေ့ဆုံခြင်း

ကုလသမဂ္ဂ မေ ၁၉

ပရီမီယာလိဂ်တိုက်စစ်မှူး ဒရော့ဘာသည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် ဂိုးပေါင်း ၃၂ဂိုး သွင်းယူပြသနိုင်ခဲ့သည့် စွမ်းရည်ကြောင့် နာမည်ကြီးတိုက်စစ်မှူးအဖြစ် ထင်ပေါ်ကျော်ကြားလာခဲ့သည်။

ထိုကျော်ကြားမှုကိုအခြေခံလျက် ဒရော့ဘာသည် ပရီမီယာလိဂ်နှင့် အက်ဖ်အေပြိုင်ပွဲအပြီး ကုလသမဂ္ဂ၏ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဒရော့ဘာသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်လည်း အိုင်ဗရီကို့စ်အသင်းကို အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်ကစားခဲ့သူလည်း ဖြစ်သည်။

ပါဝင်ဆောင်ရွက်

ပြီးခဲ့သည့်ဇန်နဝါရီလက ဒရော့ဘာအား ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်က ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ချစ်ကြည်ရေးသံတမန်အဖြစ် ခန့်အပ်ခဲ့သည်။ ဒရော့ဘာကဲ့သို့ ပြင်သစ်ဘောလုံးသမားဟောင်း ဇီဒန်းနှင့် ဘရာဇီးမှ ရော်နယ်ဒိုတို့သည်လည်း ကုလသမဂ္ဂ၏ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးလုပ်ငန်းကို ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဘဝဟာ အရှုံးအနိုင်ပွဲတွေထက် အရေးကြီးပါတယ်။ မိမိအနေဖြင့် ပွဲတွေကြောင့် ဒီတာဝန်တွေကို မထမ်းဆောင်နိုင်ခဲ့ပါဘူး၊ ယခုလောက်ဆို ဇီဒန်းနဲ့ရော်နယ်ဒိုတို့လည်း ဒီပရဟိတလုပ်ငန်းတွေမှာပါဝင်ဖို့ ပြင်ဆင်နေကြမယ်လို့ ထင်ပါတယ်"ဟု ဒရော့ဘာက ပြောကြားသည်။

ဆန္ဒရှိ

"ကလေးတွေဟာ ကျွန်တော်တို့ အနာဂတ်ကမ္ဘာရဲ့ အရေးကြီးတဲ့လူတွေပါ။ သူတို့ကို ကျောင်းတွေဆောက်ပေးဖို့ ကျွန်တော်တို့ကြိုးစားရမယ်။ ကျွန်တော်ဆိုလို့ရှိရင် ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ပြင်သစ်သို့ခေါ်သွားလို့ ကောင်းကောင်းပညာသင်ကြားခွင့် ရခဲ့ပါတယ်။ ဒီလိုအခွင့်အလမ်းတွေ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ကလေးတွေနဲ့ အာဖရိကမှာရှိတဲ့ ကလေးတွေအတွက် မျှဝေပေးရန် ဆန္ဒရှိပါတယ်"ဟု ဒရော့ဘာက ဆက်လက်ပြောကြားသည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ။ (ဓာတ်ပုံ-အင်တာနက်)

(အင်တာနက်)

နာကာမူရာ အကောင်းဆုံးဘောလုံးသမားဆု ရရှိပြန်

ရေးသားသူ
မြင့်မောင်စိုး

ဆဲလ်တစ် မေ ၁၉

ဆဲလ်တစ်တွင် ကစားနေသော ဂျပန်ကစားသမား နာကာမူရာသည် စကော့တလန်ဘဏ်မှ ချီးမြှင့်ပေးအပ်သော အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။

အဓိက

နာကာမူရာသည် ယခုနှစ် စကော့တလန် ပရီမီယာလိဂ်တွင် ဆဲလ်တစ်အသင်းအား အဓိကစွမ်းဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

ထပ်မံဆွတ်ခူး

၎င်းသည်မကြာသေးမီက စကော့တလန် ပရီမီယာလိဂ်တွင် အကောင်းဆုံး ကြေးစားဘောလုံးသမားဆုနှင့် အားကစားကလောင်ရှင်များက ချီးမြှင့်သော အကောင်းဆုံးဘောလုံးသမားဆုများ ရရှိခဲ့ပြီးနောက် ယခု စကော့တလန်ဘဏ်မှချီးမြှင့်သော အကောင်းဆုံး ဘောလုံးသမားဆုကိုလည်း ထပ်မံဆွတ်ခူးနိုင်ခဲ့သည်။

အကောင်းဆုံး ဘောလုံးသမားဆုရ နာကာမူရာ။ (ဓာတ်ပုံ-အင်တာနက်)

(အင်တာနက်)

ချယ်လ်ဆီးအသင်း ဂျီ-၁၄ သို့ဝင်ရန် စိတ်ဝင်စား

လန်ဒန် မေ ၁၉

ချယ်လ်ဆီးအသင်းသည် ဆဲလ်တစ်နှင့်ရိန်းဂျားစ်တို့ကဲ့သို့ ဂျီ-၁၄ တွင် ဝင်ရောက်ရန် စိတ်ဝင်စားနေကြောင်း ချယ်လ်ဆီးကလပ်က ပြောကြားသည်။

ပါဝင်ကြ

ဂျီ-၁၄သည် ဥရောပကလပ် ၁၈ သင်း ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ယင်း ဂျီ-၁၄ တွင် ပရီမီယာလိဂ်အသင်းများဖြစ်သည့် အာဆင်နယ်၊ လီဗာပူးနှင့် မန်ယူတို့ပါဝင်ကြသည်။

မိမိအနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အဖွဲ့ဝင်များ နှစ်ဆ တိုးပွားလာလိမ့်မည်ဟု ယုံကြည်ကြောင်း ဂျီ-၁၄ အထွေထွေမန်နေဂျာ သောမတ်စ်ကွတ်က ပြောကြားသည်။

ထူထောင်ခဲ့

အဆိုပါ ဂျီ-၁၄အဖွဲ့အစည်းကို လွန်ခဲ့သောခုနှစ်နှစ်က ဂလက်စ်ဂေါ၌ ထူထောင်ထားခဲ့ပြီး ချမ်းသာကြွယ်ဝသော ဘောလုံးအသင်းများ ပါဝင်သည်။

(အင်တာနက်)

မလွန်ဈေးဆန်လှူအသင်းကြီး နှိုးဆော်လွှာ

မြန်မာပြည်အနယ်နယ်အရပ်ရပ်ရှိ မန္တလေးမြို့မလွန်ဈေး ဆန်လှူအသင်းကြီး၏ သင်းထောက်များနှင့် အလှူရှင်များသည် ဆွမ်းဆန်တော်ကိုလည်းကောင်း၊ ဝတ္ထုငွေများကိုလည်းကောင်း၊ ပဒေသာပင် ငွေများကို လည်းကောင်း၊ လှူဒါန်းလိုပါက မန္တလေးမြို့ရှိအသင်းကြီး၏ဥက္ကဋ္ဌ ဦးမောင်မောင်ထံ (သို့မဟုတ်) **အတွင်းရေးမှူးသစ် ဦးမောင်မောင်သွင်** ထံသို့လည်းကောင်း ဖုန်း– ၀၂–၂၇၇၅၇၊ ၃၉၂၄၀ တို့သို့ ပေးပို့ လှူဒါန်းနိုင်ပါသည်။

မလွန်ဈေးဆန်လှူအသင်းကြီး၏ ဌာနခွဲများဖြစ်သော–

၁။ ဦးကြည်ဝင်း အမှတ် ၃၃၄၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၁–၅၃၆၇၃၅။

၂။ ဦးတင်စော၊ အမှတ် ၈၃၂၊ ဗိုလ်ချုပ်လမ်း၊ ဆံတော်ရပ်၊ ပြည်မြို့။

ဖုန်း–၀၅၃– ၂၁၄၅၂ တို့သို့လည်း လှူဒါန်းနိုင်ကြပါကြောင်း နှိုးဆော်အပ်ပါသည်။

ဥက္ကဋ္ဌ
ဦးမောင်မောင်
မလွန်ဈေးဆန်လှူအသင်းကြီး၊ ဖုန်း–၀၂–၃၉၂၄၀၊ ၀၂–၂၇၇၅၇၊ မန္တလေးမြို့။

၁၈-၅-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း – ၂၄၆၉၆၂၊ ၂၄၆၉၆၃	အမေနှင့်သမီးများ	ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ နိုင်သင်ကြည်၊ သီဂီထွန်း၊ သက်မွန်မြင့်၊ ဧန္ဒြီမြင့်လွင်၊ ဇာဇာမင်း၊ ထက်
သွင် ဖုန်း – ၃၃၂၅၉၄၊ ၃၂၂၅၈၂	အမေနှင့်သမီးများ	ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ နိုင်သင်ကြည်၊ သီဂီထွန်း၊ သက်မွန်မြင့်၊ ဧန္ဒြီမြင့်လွင်၊ ဇာဇာမင်း၊ ထက်
မင်္ဂလာ ဖုန်း – ၂၄၃၁၅၃၊ ၂၄၃၁၅၈	အမေနှင့်သမီးများ	ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ နိုင်သင်ကြည်၊ သီဂီထွန်း၊ သက်မွန်မြင့်၊ ဧန္ဒြီမြင့်လွင်၊ ဇာဇာမင်း၊ ထက်
ရွှေဆောင် ဖုန်း – ၃၈၃၃၉၉၊ ၂၅၂၁၁၃	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ခွေး မေသဉ္ဇာဦး၊ နန္ဒာလှိုင်
နေပြည်တော် ဖုန်း – ၂၅၁၂၃၃၊ ၂၅၁၂၈၈	300	GERARD BUTLER, LENA HEADEY DAVID WENHAM, DOMINIC WEST
ဝင်းလိုက်(မန္တလေး) ဖုန်း–(၀၂)၃၉၀၁၂၈၊ ၆၀၂၉၁	အမေနှင့်သမီးများ	ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ နိုင်သင်ကြည်၊ သီဂီထွန်း၊ သက်မွန်မြင့်၊ ဧန္ဒြီမြင့်လွင်၊ ဇာဇာမင်း၊ ထက်
မြို့မ(မန္တလေး) ဖုန်း–(၀၂)၃၉၀၁၃၃၊ ၃၈၁၃၉	အမေနှင့်သမီးများ	ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ နိုင်သင်ကြည်၊ သီဂီထွန်း၊ သက်မွန်မြင့်၊ ဧန္ဒြီမြင့်လွင်၊ ဇာဇာမင်း၊ ထက်

ပွဲချိန် သတိ (နေ့စဉ်) ၁၀:၀၀ နာရီ ၊ ၁၂:၃၀ နာရီ ၊ ၃:၃၀ နာရီ ၊ ၆:၃၀ နာရီ ၊ ၉:၃၀ နာရီ

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးကျော်အေးပိုင်ဆိုင်သော အောင်နိုင်ထွန်း(၅) (ON-4057) ငါးဖမ်း ရေယာဉ်ဂရန် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဦးကျော်အေး** ဖုန်း– ၀၉–၅၀–၂၆၁၆၄။

အမည်ပြောင်း
အဖ ဦးထွန်းလှကြည်၏ သား အမက(မှုလွန်)၊ အောက်ချိုင်း၊ မှော်ဘီမြို့ ဆဋ္ဌမတန်းမှ မောင်ရှိုင်းမင်းထက်အား ယနေ့မှစ၍ မောင်အောင်ကောင်းမွန်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်အောင်ကောင်းမွန်။

ကျေးဇူးဆပ်ပါမည်
ကျွန်တော်၏ မှတ်ပုံတင်၉/မကန (နိုင်) ၀၂၆၁၃၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်ပို့ပေးပါရန်။
ဦးသာဒွန်း ဖုန်း–၀၁–၅၅၄၅၃၄။

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်ကျော်စွာ၏ သင်္ဘောသားမှတ်ပုံတင်အမှတ် CDC-59376 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူး ဆပ်ပါမည်။ ဖုန်း– ၀၉–၅၁–၃၈၂၆၀။

မသက်ဆိုင်တော့ပါကြောင်း
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊အနော်ရထာလမ်း၊ အမှတ် ၁၆၉/၁၇၁နေ ဦးစုဝံ ၁၂/ကတတ(နိုင်) ၀၀၂၇၆၅၊ ဒေါ်ခင်အေး ၁၂/ကတတ (နိုင်) ၀၀၂၇၉၆ တို့၏ သားဖြစ်သူ မောင်ရီငွေး ၁၂/ကတတ(နိုင်) ၀၀၂၇၉၄နှင့် ပတ်သက်သောငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများကို တာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဖခင် ဦးစုဝံ ၁၂/ကတတ(နိုင်)၀၀၂၇၆၅
မိခင် ဒေါ်ခင်အေး ၁၂/ကတတ(နိုင်)၀၀၂၇၉၆

ရောင်းမည်
ပေါင်းပါကေး
ရှယ်ကျွန်းတံခါး
၇၀၊ ဗညားဒလလမ်း
သိမ်ဖြူတောင်းနစ်ကွင်းရှေ့
ဖုန်း–၂၉၁၇၃၂၊ ၅၅၄၈၅၈။

ဦးအောင်ဝင်း
(ရှေ့တံဆိပ်ဆုရှင် - လန်ဒန်)
LCCIသင်တန်းများJune 16(စနေနေ့)စမည်။
ခုံနံပါတ်ကြိုတင်ယူထားနိုင်သည်။
အမှတ်(၂၀)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အထက်)
ဖုန်း - ၃၇၁၇၄၁၊ ၃၉၁၁၀၂

ထိုက်တန်စွာကျေးဇူးဆပ်ပါမည်
ဦးအောင်သာထွန်း (မြန်မာနိုင်ငံကူးလက်မှတ် အမှတ်–ဇ၅၅၇၄၇)၊ ဦးသက်တင်ဦး (မြန်မာနိုင်ငံကူးလက်မှတ် အမှတ် – ၃၂၈၀၀၅)နှင့် ဒေါ်မြခင်ဝင်း (မြန်မာနိုင်ငံကူးလက်မှတ် အမှတ်–၆၉၂၂၀၀)ကိုင်ဆောင်သူ သုံးဦးတို့၏ မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်များသည် ၁၆–၅–၂၀၀၇ရက်တွင် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်၍ ပြန်လည်ပေးပို့စေလိုပါသည်။ တွေ့ရှိသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။
ဆက်သွယ်ရန်ဖုန်း – ၀၉–၅၀–၁၄၃၇၁၊ ၀၉–၅၁–၁၇၉၂၈၊ ၀၉–၈၀–၃၁၂၂၅၊ ၀၉–၅၁–၈၄၀၆၂။

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့
22 May 2007
International Day for Biological Diversity

Biodiversity and Climate Change
ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌအား လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် အလုပ်အမှုဆောင်ဦးမျိုးသန့်တို့အားပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာလာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Souphakhetသည် မေ ၁၆ရက်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်မှုအပြန်အလှန် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံကုန်သည်စက်မှုအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်းတွေ့ဆုံဆွေးနွေးရေးကိစ္စ၊ ခရီးသွားလုပ်ငန်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ၊ သုံးဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိ

မနီလာ မေ ၁၉

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဘတ်စ်ကားဝင်းတစ်ခု၌ မေ၁၈ရက်က ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ သုံးဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။

အဆိုပါဗုံးသည် ဖိလစ်ပိုင်တောင်ပိုင်း ကိုတာဘာတိုမြို့ရှိ ဘတ်စ်ကားဝင်း၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းမြို့သည် မင်နာနော်ကျွန်း၌ရှိကြောင်းသိရသည်။

လွှင့်ထွက်

ယင်းဗုံးမှာ လက်လုပ်ဗုံး တစ်လုံးဖြစ်ပြီး အဆိုပါကားဝင်းအတွင်းရှိ ဆိုင်အချို့ လွှင့်ထွက် ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲ

၎င်းကားဝင်းအတွင်းရှိ စတိုးဆိုင်တစ်ဆိုင်မှ ကျယ်လောင်စွာ ပေါက်ကွဲသံကြီး ကြားရကြောင်း၊ ဗုံးပေါက်ကွဲပြီး နောက်တစ်မြို့လုံး သတိပေးနှိုးဆော်မှုများ ပြုလုပ်ထားကြောင်း၊ ရဲတပ်ဖွဲ့က ဗုံးကွဲရသည့်အခြေအနေကို ဆက်လက် စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းသိရသည်။

မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ် ဆောက်လုပ်ရေးအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ် အဆောက်အအုံကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း၌ ၂၀၀၆ ခုနှစ် ဇွန်မှစတင်၍ ဆောက်လုပ်လျက်ရှိရာ ယခုအခါ ၃၀ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။

ပေးအပ်လှူဒါန်း

အသင်းရုံးချုပ် အဆောက်အအုံအတွက် စေတနာရှင်အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ ဧပြီ၂၇ရက်တွင်လည်း တာချီလိတ်မြို့နယ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးမောင်အုန်းက ငွေကျပ်သုံးသိန်း၊ အတွင်းရေးမှူး ဦးဝင်းသိန်း၊ ဦးစံစိုင်းငွေနှင့် ဦးသိန်းထွန်းတို့က ငွေကျပ်တစ်သိန်းစီတို့ကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ်ဥက္ကဋ္ဌ ဦးစံသိန်းထံ ပေးအပ်လှူဒါန်းကြသည်။ အသင်းရုံးချုပ် ဆောက်လုပ် ရန်ပါဝင် လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အခန်း ၁၀၁/၁၀၂ တိုက် ၃ မြိုင်ဟေဝန်အိမ်ရာစခန်း ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ဖုန်း–၀၁–၆၆၇၂၇၀ သို့ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စဉ့်ကူးမြို့ ဇေယျသိဒ္ဓိအောင်တော်မူစေတီ အုတ်မြစ်စီပွဲကျင်းပ

စဉ့်ကူး မေ ၁၄

စဉ့်ကူးမြို့ (၁)ရပ်ကွက်နေ ဘုရားဒါယကာ ဦးဗိုလ်ချုပ်–ဘုရားဒါယိကာမ ဒေါ်ချောစုလှိုင်(ကေရီရွှေလုပ်ငန်း) မိသားစုတို့က အသစ်ပြန်လည်တည်ထားကိုးကွယ်မည့် ဇေယျသိဒ္ဓိအောင်တော်မူ စေတီတော်ကြီး၏ အုတ်မြစ်စီ မင်္ဂလာပွဲ အခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီက အဆိုပါ စေတီရင်ပြင်တော်၌ ကျင်းပသည်။

အမွေးနံ့သာရည်ပက်ဖျန်း

အခမ်းအနားသို့ ဩဝါဒါစရိယ ရွှေလေ့ကျေးရွာ ဇောတိကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသြဘာ အရှင်မြတ်ကြွရောက်ချီးမြှင့်တော်မူပြီး ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ရာ မင်္ဂလာအချိန်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အလှူရှင် ဦးဗိုလ်ချုပ်–ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူတို့က သတ်မှတ်နေရာတို့တွင် ရတနာရွှေအုတ်၊ ငွေအုတ်များကို အုတ်မြစ်စီကြကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ သမိုင်းဝင် မြို့လယ်ရှစ်မျက်နှာစေတီတော်အတွင်း ရှေးနှစ်ပေါင်း ၉၀ခန့်က ကိန်းဝပ်သီတင်းသုံးလျက်ရှိသော မြတ်စွာဘုရားနှင့် ရဟန္တာကိုယ်တော်များကို ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ကုမ္မာရီများက မြို့ပေါ်ရပ်ကွက်များသို့ အပူဇော်ခံပင့်ဆောင်တော်မူကြစဉ်။ (၁၃၇)

မြို့နယ် သတင်းများ

မြင်းခြံမြို့ သာယာလှပရေး စုပေါင်းသန့်ရှင်း

မြင်းခြံ မေ ၁၄

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်များအတွင်း အမှိုက်သိမ်းယာဉ်ငါးစီးဖြင့် နေ့စဉ်ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်သိမ်းဆည်းလျက်ရှိသည်။ မေ ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) ဦးမြင့်အောင် ဦးဆောင်သော သန့်ရှင်းရေးဝန်ထမ်းများ၊ အမှတ် (၁၃)ရပ်ကွက် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ဝမ်းစတားလမ်းဆုံတွင် စုပေါင်းအမှိုက်သိမ်းဆည်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

ကျေးလက်လမ်း ကျောက်ချောခင်း

ဧပြီ ၅ ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကျောက်တော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော သရက်တပင်–မင်းသားတောင် ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသာအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှကြည်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မီးသတ်တပ်ဖွဲ့နေ့ ပြည်၌ ကျင်းပ မီးသတ်ယာဉ် စက်စွမ်းရည်များပြသ

ပြည် မေ ၁၂

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇နာရီက ပြည်မြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သူနာပြုသင်တန်းသူများ၊ ပြည်ပညာရေး ကောလိပ်မှ သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

စက်စွမ်းရည်ပြသ

အခမ်းအနားတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်က (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။ ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ် ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ မီးလောင်မှုများတွင် မီးသတ်ယာဉ်များ စနစ်တကျ နေရာယူငြိမ်းသတ်ပုံတို့ကို သရုပ်ပြ ဆောင်ရွက်ကြကာ ပြည်မြို့တွင်းသို့ စစ်ကြောင်းပုံဖြင့် အင်အားပြ ချီတက်ပြီး မီးသတ်ယာဉ် စက်စွမ်းရည်များကို ပြသကြသည်။ **(ခရိုင် ပြန်/ဆက်)**

အခြေခံပညာအလယ်တန်းပြ ဆရာ၊ဆရာမများ သင်ကြားရေးမွမ်းမံသင်တန်း လင်းခေး၌ဖွင့်

လင်းခေး မေ ၁၄

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူး၍ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်အခြေခံပညာအလယ်တန်းပြဆရာ၊ ဆရာမများသင်ကြားရေး မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီက လင်းခေးမြို့ အထကခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်၊ ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းကြီးကြပ်ရေးမှူး ဗိုလ်ကြီးဖေဦးနှင့်သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးစိန်အောင်က သင်တန်းနှင့်ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်း ပြောကြားသည်။ **(ဝဲပုံ)**

အဆိုပါ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စိမ်းမြသီတာပန်းခြံ၌ မြေခင်းအလှပြုပြင်

မိုးကောင်း မေ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့ သာယာလှပရေးအတွက် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများ မေ ၄ရက်က အဖွဲ့ပိုင် စိမ်းမြသီတာပန်းခြံအတွင်း မြေခင်းအလှပြုပြင် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစန်းဝင်း ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(၄၁၆)**

မြန်မာ့မီးရထား(မြစ်ငယ်) သီးသန့်မီးသတ်တပ်ဖွဲ့ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

မြစ်ငယ် မေ ၁၄

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)သီးသန့်မီးသတ်တပ်ဖွဲ့မှ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် ညနေ ၄နာရီက အဆိုပါစက်ရုံ မီးသတ်တပ်ဖွဲ့ကွင်းပြင်တွင် ကျင်းပသည်။

အခမ်းအနားတွင် အထွေထွေမန်နေဂျာက အမှာစကားပြောကြားပြီး တာဝန်ကျေပွန်သောတပ်စုအား ဆုများချီးမြှင့်ရာ တပ်ဖွဲ့ဝင်များက အထွေထွေမန်နေဂျာအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။ **(၂၀၉)**

ရှမ်းပြည်နယ် (တောင် ပိုင်း) ဟိုပုံး မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများအား လူမှုရေး ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဧပြီ ၁ ရက်က ဟိုပုံး မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေး ခန်းမတွင် ကျင်းပရာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်ဇော်က ဝန်ထမ်း ၄၂ဦးအတွက် ထောက်ပံ့ငွေကျပ် ၈၄၀၀၀ကို ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျန်းမာရေး အခမဲ့ ကွင်းဆင်းဆေးကုအဖွဲ့ ကျောက်ပန်းတောင်း သဘာဝပိုဇိုလန်စက်ရုံ(ပုပ္ပား)တွင် ဆေးဝါးကုသ

ကျောက်ပန်းတောင်း မေ ၁၇

ကျောက်ပန်းတောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန အခမဲ့ကွင်းဆင်း ဆေးကုအဖွဲ့သည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သဘာဝပိုဇိုလန် စက်ရုံ(ပုပ္ပား)သို့ မေ ၁၅ရက်က သွားရောက်ပြီး ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့ကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်စိုး ဦးဆောင်၍ မီးယပ်သားဖွား၊ အရိုးအကြော၊ မျက်စိအထူးကုဆရာဝန်များ သွားခံတွင်းဆရာဝန်၊ လက်ထောက်ဆရာဝန်များနှင့် ကျန်းမာရေး ဝန်ထမ်းများ ပါဝင်သော အခမဲ့ ကွင်းဆင်း ဆေးကုအဖွဲ့တို့က စက်ရုံဝန်ထမ်း ၁၆၈ဦးတို့အား ဆေးဝါးကုသပေးပြီး တီဘီ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါနှင့် မျက်စိရောဂါအကြောင်းတို့ကို ပညာပေး ဟောပြော၍ ပိုစတာ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ကျန်းမာရေး)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်းလမ်း အမှတ်(၃၄/အေ) နေ ဒေါ်ငြိမ်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် နှစ်ဖက်သော မိဘများအားအမှူးထား၍ ရန်ကုန်မြို့ အဆင့်မြင့်မင်္ဂလာဈေး အမှတ်(၅၅၄) မြေညီထပ်မှ ကျောင်းအလှူရှင် ဦးတင်စိုး-ဒေါ်ခင်ခင်မြင့်မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကိုလှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကြူကြူခိုင်က လက်ခံယူပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။

(က-ပ)

ပန်းအလှပင်များပြုပြင် ပေါင်းမြက်များရှင်းလင်း

တိုက်ကြီး ဧပြီ ၂၀

တိုက်ကြီးမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့ဝင်မုခ်ဦးရှေ့ မြေယာရှုခင်းတွင် ပန်းအလှပင်များ ပြုပြင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်း လုပ်ငန်းများကို မတ် ၃၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (စည်းကမ်း) ဦးစိုးတင့်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

မော်လမြိုင် မေ ၁၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ်/တိုင်း လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်ဦးစီးအရာရှိများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၇ရက် နံနက် ၁၀နာရီက မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်က ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းသည်။ **(အောက်ပုံ)**

ထို့နောက် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားချက်များကို ထပ်ဆင့် ရှင်းလင်းသည်။

ဆွေးနွေး

မွန်ပြည်နယ်တွင် ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ် အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အကောင်အထည်ဖော်မည့် လုပ်ငန်းလျာထားချက်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တွံတေးမြို့ ဗိုလ်ချုပ်လမ်း မင်းပိုင်းရပ်ကွက်နေ ဒေါ်ညွန့်ရီအား ရည်စူး၍ ကိုစောနုအောင်-မမြင့်မြင့်ကြည် မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ အဘိုး၊ အဘွားများ တစ်နေ့တာ အာဟာရကျွေးမွေး လှူဒါန်းပြီး ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းက လက်ခံယူစဉ်။

(၃၈၀)

မြို့နယ် သတင်းများ

မြင်းခြံ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သန့်စင်ခန်း ရှစ်ခန်းတွဲအတွက် အလှူငွေများလှူဒါန်း

မြင်းခြံ မေ ၂

မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် သန့်စင်ခန်း ရှစ်ခန်းတွဲအတွက် အလှူငွေကျပ် ၂၇သိန်းပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၃ရက်နံနက် ၁၀နာရီက အဆိုပါကျောင်း ရုံးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်မြို့နေ ကျော်သာကုမ္ပဏီလီမိတက်မှ အလှူရှင် ဒေါ်ပုနှင့် သားသမီး၊မြေးတစ်စုတို့က အလှူငွေကျပ် ၂၇သိန်းကို မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမိုးထံသို့ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

တက်ရောက်

အခမ်းအနားသို့ မြင်းခြံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်နှင့်မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မန်တုံမြို့တွင် အခြေခံယဉ်ကျေးမှု သင်တန်းဖွင့်

မန်တုံ မေ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့တွင် နယ်မြေခံ တပ်ရင်းက ကြီးမှူးကျင်းပသည့် အခြေခံယဉ်ကျေးမှု သင်တန်းဖွင့်ပွဲကို ဧပြီ ၂၂ ရက် မွန်းလွဲပိုင်းက အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်ရင်းမှူး၏ဇနီး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်စန်းမြင့်နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

ပို့ချ

အစီအစဉ်အရ မန်တုံမြို့ အောင်မင်္ဂလာမြို့လယ်ကျောင်းတိုက်ဆရာတော် ဦးမာဃိန္ဒက အခြေခံ ယဉ်ကျေးမှုဘာသာရပ်ကို ပို့ချသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀၅ဦး တက်ရောက်ပြီး သင်တန်း ကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် နယုန်လဆန်း ၆ ရက်
၂၁-၅-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ဒိုက်ဦးမြို့နယ် ပန္တက်ကျေးရွာမှ ဧက ၁၀၀၀ စိုက်ပျိုးအောင်မြင်မှုများ)

၁၁း၄၀ သုတစုံစွာသိမှတ်စရာ (တီဘီအဆုတ်ရောဂါ ကာကွယ်ရေးအကြောင်း- သိပ္ပံမှူးတင်)

၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂း၂၅ အားကစားသတင်းပဒေသာ

၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) စိမ်းလဲ့ကန်သာ (ရီရီခင်)
(၂) ပန်းညိုစုံတွဲ (ရဲဘော်ခင်မောင်လှ၊ သန်းသန်းဆင့်)
(၃) ရွာခံချောင်းကလေးနှင့်အတူ (မလေးစံပယ်)

၁၆း၃၀ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (မင်းမော်ကွန်း)

၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ဥဏ်စမ်းထက်ဖွယ်နည်းလမ်းခုနစ်သွယ်-တင်နိုင်ထွဏ်း-ဆေး-၂)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း (စစ်ကိုင်းစိန်သန်းဆွေဆိုင်းအဖွဲ့)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မွှေးလွန်းသည့်ပန်း(စန္ဒရားချစ်ဆွေ)
(၂) မျက်လုံးဒေါက်ထောက်ကြည့်ဦးမယ် (နိုင်နိုင်မော်)
(၃) မောင့်ကိုချစ်ရင်ပြုံးပြပါလား (အညာသားအေးလွင်)



တာချီလိတ်မြို့ လေယာဉ်ကွင်း လမ်းဘေးရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်အောင် ဦးဆောင်သော ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

သက်ကြီးပူဇော်ပွဲ အင်းတော်၌ ကျင်းပ

အင်းတော် မေ ၁

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ (၁၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ၁၇ ရက် နံနက် ၈နာရီက အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အသက် ၈၀ အထက် သက်ကြီး အဘိုး၊ အဘွား ၃၅ ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ဆွေနှင့်အသင်းသူ အသင်းသားများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆုမွန်ကောင်းတောင်း

အခမ်းအနားတွင် အဘိုး၊ အဘွားများကို အဖွဲ့အစည်းများမှ တက်ရောက်သူများက ကန်တော့ခံပစ္စည်းများ ပေးအပ်ကန်တော့ကြပြီး အဘိုး၊ အဘွားများက ဆုမွန်ကောင်းများ ပေးကြသည်။

ကန်တော့

အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုး၊ အဘွား ၄၄ဦးတို့အား အိမ်တိုင်ရာရောက် ကန်တော့ခံပစ္စည်းများဖြင့် လိုက်လံပို့ဆောင် ကန်တော့ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ဆယ်ထပ်ကျောင်းတော်ကြီးဝင်းအတွင်း ဆောက်လုပ်မည့် ဝိသာခါနှစ်ထပ်ကျောင်းဆောင်သစ်အတွက် သဃ်န်းကျွန်းမြို့နယ် အမှတ် ၅/၁၁ သီရိဂုဏ်အိမ်ရာနေ အလှူရှင်ဦးမျိုးညွန့်–ဒေါ်ခင်နှင်းရီမိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက လက်ခံယူစဉ်။

(က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဧပြီ ၂၈ရက်က မော်လမြိုင်မြို့ ရွှေတောင်ရပ် ကမ်းနားလမ်း (၁/၅)နေ ဒေါက်တာ သန့်ဇင်–ဒေါ်ငွေငွေဝင်း၊ သား ကျော်ဇင်ဖြိုး၊ သမီး မဝေဇင်ထွန်း၊ မမီမီအောင် မိသားစုက ငွေကျပ် တစ်သိန်း ငါးသောင်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

မြဝတီမြို့တွင် တစ်မြို့လုံးရေနုတ်မြောင်းများ ရေဆင်းပြွန်၊ တံတားများ ဆောင်ရွက်လျက်ရှိရာ မတ်၂၆ ရက်က အမှတ်(၄) ရပ်ကွက်ပြည်ခိုင်ဖြိုးလမ်းရှိ ကွန်ကရစ်တံတား နှစ်စင်း ဆောက် လုပ် ရန် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းတို့ ကြီးကြပ်ကြစဉ်။

(မြို့နယ် စည်ပင်)

DOZO
FASHION DESIGN TECHNICAL SCHOOL
Daw Thida Win B.Sc (Dip in Fashion Design, Japan)
မြန်မာနိုင်ငံတွင်ပထမဦးဆုံးဖွင့်လှစ်ခဲ့သော နိုင်ငံတကာအဆင့်မီ Fashion Design School ဖြစ်သည်။ Style, Pattern, Cutting, Sewing များကိုတိကျမှန်ကန်သော Japan နိုင်ငံမှနောက်ဆုံးပေါ်နည်းစနစ်များဖြင့် သင်ကြားပေးလျက်ရှိသည်။
Courses - Basic, Advance, Fashion Illustration
Start date - 28.5.2007, 9.6.2007, 9.7.2007.
No.584, Damaryone St, Hlaing T/S, 11 Qr, 6½ Mile, YANGON.
Ph -536861, 09 500 4830. www.dozofashion.com

ဒေါ်သီတာကို ၁၂/မဘန(နိုင်)၀၈၃၀၀၅ ၏

၇–၅–၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ ပါ ပြန်လည်ရှင်းလင်း ကြေညာခြင်းအပေါ် အများသိစေရန် ထပ်မံကြေညာခြင်း။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးမိုးသက် ၇/ပတန(နိုင်)၀၀၀၀၀၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ထပ်မံကြေညာအပ်ပါသည်။

ဦးမိုးသက်နှင့် ဒေါ်သီတာကိုတို့ လက်ထပ်ပေါင်းသင်းစဉ်ကာလအတွင်း စိတ်ဆင်းရဲရခြင်း၊ မိသားစုအပေါ် စော်ကားခံရခြင်း၊ ဂုဏ်သိက္ခာကျအောင် မဟုတ်မမှန် ယိုးစွပ် စွပ်စွဲပြောဆိုခြင်းများ ဒေါ်သီတာကိုက ပြုလုပ်ခဲ့ပါသည်။ ဒေါ်သီတာကို၏ သဘောဆန္ဒအတိုင်း နှစ်ကြိမ်တိုင်တိုင် ကွာရှင်းခွင့် တောင်းခံခဲ့ခြင်းကြောင့် ဦးမိုးသက်က ခွင့်လွှတ်သည်းခံခြင်းအတိုင်းအတာ ကုန်ဆုံးသွားပြီဖြစ်ခြင်းကြောင့် ၁၅–၈–၂၀၀၆ ရက်တွင် ဒေါ်သီတာကို၏ ဆန္ဒအရ ကွာရှင်းစာချုပ်တွင် လက်မှတ်ရေးထိုးပေးခဲ့ပြီး ဖြစ်ပါသည်။ ၁၃–၃–၂၀၀၇ရက်က တောင်ဥက္ကလာပမြို့နယ် ဆက်သွယ်ရေးစခန်း (စာတိုက်)မှတ်ပုံတင်အမှတ် ၁၆၆၆ ဖြင့် ရှေ့နေမှတစ်ဆင့် နို့တစ်စာဖြင့် လာရောက်ဆက်သွယ် အကြောင်းကြားဖြေရှင်းခိုင်းသော်လည်း ဒေါ်သီတာကိုကအကြောင်းမကြားပျက်ကွက်ခဲ့ပါသည်။

ထို့ကြောင့် ၉–၄–၂၀၀၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် အများသိစေရန် ကြေညာချက်အား ထည့်သွင်းဖော်ပြခဲ့ပါသည်။ သို့ပါ၍ ၁၈–၅–၂၀၀၆ ရက်မှစ၍ ဦးမိုးသက်က လင်ခန်းမယားခန်းပြတ်စဲလိုက်ပြီဖြစ်ကြောင်း ထပ်မံကြေညာအပ်ပါသည်။

ဦးမိုးသက်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမောင် (ဘီအေအာရ်အယ်လ်)
ဥပဒေအကျိုးဆောင် (စဉ်–၈၄၀၄)
၆၁၊ ကြာပဒုမ္မာလမ်း (၃)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း–၅၇၂၈၅၇။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ပလတ်စတစ် လူသုံးကုန်ပစ္စည်းများ၊ မီးလုံးများ၊ PVC ရေပိုက်များ ထုတ်လုပ်သည့်စက်ရုံ၊ အရောင်းဌာနနှင့် ရုံးခွဲများတွင် လုပ်ကိုင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) **Production Assistant Manager** ကျား (၂) ဦး
B.E (Mech.) B (Tech) (သို့မဟုတ်)PVC ရေပိုက် Extrusion / Injection ထုတ်လုပ်ခြင်းလုပ်ငန်း အတွေ့အကြုံ အနည်းဆုံး (၃) နှစ်အထက်ရှိသူ၊ ဘွဲ့ရ၊ အသက် (၂၅ – ၄၀) အတွင်း။

(၂) **Supervisor** ကျား (၄) ဦး
AGTI (EP / MP) (သို့မဟုတ်) PVC ရေပိုက် Extrusion / Injection ထုတ်လုပ်ခြင်းလုပ်ငန်း အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိသူ၊ ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိပါက ရိုးရိုးဘွဲ့ဝန်ထမ်းများလည်း လျှောက်ထားနိုင်သည်။
အသက် (၃၀) အတွင်း။

(၃) **Assistant Manager (Printing)** မ (၁) ဦး
B.E (Mech.) (သို့မဟုတ်) Laser Printing
အတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိသူ၊ ဘွဲ့ရ၊
အသက် (၂၅ – ၄၀) အတွင်း။

(၄) **Supervisor** မ (၁) ဦး
AGTI (EP / MP) အသက် (၃၀) အောက် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်သည့်လုပ်ငန်းအတွေ့အကြုံရှိပါက ရိုးရိုးဘွဲ့များလည်းလျှောက်ထားနိုင်သည်။

(၅) **Sales Promoter** မ (၄) ဦး
ဘွဲ့ရ၊ အသက် (၂၀ – ၃၀) အတွင်း။

(၆) **Office Staff** မ (၁) ဦး
ဘွဲ့ရ၊ အသက် (၂၀ – ၃၀) အတွင်း။ Computer Basic ရသူ။

(၇) **General Worker** ကျား (၂၀) ဦး
အသက် (၁၈ – ၂၅) ရေးတတ်၊ ဖတ်တတ်။

၂။ အမှတ်စဉ် (၁) (၂) (၃) (၄) (၇) အလုပ်အကိုင်များအတွက် လျှောက်ထားသူများ၏ နေရေးထိုင်ရေးနှင့် အစားအစာတို့ကို စက်ရုံမှ စီစဉ်ဆောင်ရွက်ပေးမည်။

၃။ လျှောက်ထားသူများသည်ကိုယ်ရေးရာဇဝင်(CV)၊ ပညာအရည်အချင်းအထောက်အထား၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ တို့နှင့်အတူ အမှတ် F(19/20)၊ အောင်ဆန်းကွင်းအနောက်ဘက်တန်းရှိ Original Great Popular Co., Ltd. မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ Ph No. 394820, 384623 သို့ ကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

ပဲခူးတိုင်း(အနောက်ပိုင်း)တရားရုံးတော်၌

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်–၇၁

မန်နေဂျာ၊ မြန်မာ့ရှင်းနီး မြုပ်နှံမှုနှင့်ကုန်သန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်မြို့။	**နှင့်**	၁။ ဦးထိန်လင်း ၂။ ဒေါ်ထားထားကျော်
တရားလို		**တရားပြိုင်**

၁။ ဦးထိန်လင်း ၂။ ဒေါ်ထားထားကျော်(ယခင်)အုတ်ဖိုမြို့ အေးမြသာယာ မြို့သစ် (၁၇) ရပ်ကွက်၊ အမှတ်(၄)ရောလမ်း(ယခုလိပ်စာ မသိ)သိစေရမည်။

အထက်အမည်ပါ တရားလို မြန်မာ့ရှင်းနီးမြုပ်နှံမှုနှင့် ကုန်သန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်မြို့က ဤရုံးသို့ (၉–၂–၂၀၀၇)ရက်တွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၃ အရ အပြီးသတ် ဒီကရီချမှတ်ပေးရန် ဤရုံးသို့ လျှောက်ထားတင်ပြလာသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၇ ခုနှစ် ဇွန်လ ၄ရက်(၁၃၆၉ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၇ခုနှစ် မေ ၃ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်
တွဲဖက်တိုင်းတရားသူကြီး
ပဲခူးတိုင်း(အနောက်ပိုင်း)တရားရုံး၊ ပြည်မြို့။

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးတော်၌

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်–၇၃

မန်နေဂျာ၊ မြန်မာ့ရှင်းနီးမြုပ်နှံမှုနှင့် ကုန်သန်းရောင်းဝယ်ရေးဘဏ် ရန်ကုန်မြို့။	**နှင့်**	၁။ ဦးဇင်ထွန်း ၂။ ဒေါ်တင်တင်စန်း(ဇနီး)
တရားလို		**တရားပြိုင်**

၁။ ဦးဇင်ထွန်း၊ ၂။ ဒေါ်တင်တင်စန်း(ဇနီး) ယခင်အမှတ် ၃၅၊ ၁၅ လမ်း၊ မင်းကွက်၊ (၂)ရပ်ကွက်၊ ပေါင်းတည်မြို့ (ယခုလိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ တရားလို မြန်မာ့ရှင်းနီးမြုပ်နှံမှုနှင့် ကုန်သန်းရောင်းဝယ်ရေးဘဏ် ရန်ကုန်မြို့က ဤရုံးသို့ ၁၉–၂–၂၀၀၇ ရက်တွင် တရားမကျင့်ထုံး ဥပဒေအမိန့်–၃၄၊ နည်းဥပဒေ ၃ အရ အပြီးသတ်ဒီကရီချမှတ်ပေးရန် ဤရုံးသို့ လျှောက်ထားတင်ပြလာသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၇ ခုနှစ် ဇွန်လ ၄ ရက် (၁၃၆၉ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၇ ခုနှစ် မေ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်
တွဲဖက်တိုင်းတရားသူကြီး၊
ပဲခူးတိုင်း (အနောက်ပိုင်း)တရားရုံး၊ ပြည်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မျိုးမြင့်လွင်၏ နိုင်ငံကူးလက်မှတ် အမှတ်–၈၂၈၁၀၀ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း–၅၃၆၈၀၉။

ရောင်းမည်

တာမွေမြို့နယ်သံသုမာလမ်းမကြီး မြန်မာ့ဂုဏ်ရောင် ကွန်ဒိုမီနီယံ မြေညီထပ် ၁၄၂၀ Sqft၊ အိပ်ခန်း(၃)ခန်း၊ အိမ်သာ ရေချိုးခန်း (၂)စုံ၊ ပါကေးခင်း၊ ကြွေပြားကပ်၊ ကိုယ်ပိုင် ရေ+မီး၊ ဖုန်းလိုင်းခွဲပါ၊ ကားပါကင်ပါ၊ ဓာတ်လှေကားပါ၊ ပတ်ဝန်းကျင်ကောင်း။

ဖုန်း–၀၉–၅၁–၃၆၀၀၃၊၀၉–၅၁–၈၄၆၁၇၊ ၇၂၇၁၀၁။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန / ၁၀၉၃၈ (WAVE-110) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင် မှတ်ပုံတင်အမှတ် ၅/ဝလန (နိုင်) ၀၇၉၃၅၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊(မြစ်ကြီးနားမြို့)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၁၃၀၈၆ ဟွန်ဒါဝေ့(ဖ်) 100ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးငွေစိုး မှတ်ပုံတင်အမှတ် ၁၀/မလမ (နိုင်) ၁၁၈၇၂၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်)၊မော်လမြိုင်မြို့။

ဆန်စပါးရောင်းဝယ်ရေး မူဝါဒသစ်ပြဋ္ဌာန်းပြီး လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထား
ဆန်စပါးဈေးနှုန်းကြီးမြင့်မှု မဖြစ်စေရေး အတွက် ပရ မျှတစွာ ရောင်းဝယ်ဖောက်ကား
အမျိုးသားရေးစွမ်းအား ခိုင်မာပြီး စွမ်းဆောင်နိုင်သည့် အသင်းကြီးဖြစ်အောင်ကြိုးပမ်း

ရန်ကုန် မေ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ၂၀၀၅-၂၀၀၇ ခုနှစ် ဒသမအကြိမ် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အသင်းသားစုံညီအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✡

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မိုးလေဝသအခြေအနေ ၂၀-၅-၂၀၀၇

နေပြည်တော်	နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ရန်ကုန်	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။
မန္တလေး	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၏ ၂၀၀၅-၂၀၀၇ ခုနှစ် ဒသမအကြိမ် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းလေသမျှ

(၁၉-၅-၂၀၀၇)

နေပြည်တော်	၀ ဒသမ ၇၅ လက်မ
မင်းကင်း	၅ ဒသမ ၅၉ လက်မ
ကိုကိုးကျွန်း	၃ ဒသမ ၅၈ လက်မ
သံတွဲ	၃ ဒသမ ၂၇ လက်မ
မိုးကုတ်	၂ ဒသမ ၇၆ လက်မ

NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက် ပါတီ၏လုပ်ဆောင်ချက်များအပေါ် စိတ်ဝင်စားမှုမရှိ မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင် ၃၇ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁၉

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးတင်အေး၊ ဦးသန်းမောင်၊ ဦးလှစိုး၊ ဦးထွန်းအောင်၊ ဦးအေးလွင်၊ ဦးလှသန်း၊ ဦးဟန်တင်၊ ဦးသောင်း၊ ဦးမြင့်ရွှေနှင့် ဦးသာစိန်တို့ အပါအဝင် ပါတီဝင် ၃၇ ဦးတို့သည် မေ ၁၁ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စိတ်ဝင်စားမှုမရှိ

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏လုပ်ရပ်များကို စိတ်ပျက်လာပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုခြင်းမရှိတော့ကြောင်း၊ ပါတီ၏လုပ်ဆောင်ချက်များအပေါ် စိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**